www.burmeseclassic.com

BURMESE CLASSIC

# ပဒုမ္မာ

# သရဲကြီး ဒတာ

ပန်းကိုးပွင့် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# မဒိုစာ

## သရဲကြီး အတာ

ထုတ်ဝေသူ – ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊
၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်
ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄

၈၉၅–၈၃
မဒိုစာ
သရဲကြီး အတာ/မဒိုစာ–ရန်ကုန် ။
ခုနစ်စဉ်ကြယ်စာပေ၊ ၂၀၁၅
၁၆၈ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) သရဲကြီး အတာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားပုံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်


www.burmeseclassic.com

www.burmeseclassic.com


၂၁။ ရဲမက်တစ္ဆေ

၂၂။ ရွှေတောင်ရှာသူ မချမ်းသာ

၂၃။ ပတ္တမြားဝိညာဉ်

၂၄။ မိမိလေး

၂၅။ နှစ်တစ်ရာဂူသချိုင်း

၂၆။ နတ်ကိုးကြိမ်

၂၇။ ဝိညာဉ်မှတ်တမ်း

၂၈။ ရွှေမျက်နှာရှင်သခင်မ

၂၉။ အလောင်းကောင်

၃၀။ မီးစုန်း

၃၁။ အဆောင် ၈

၃၂။ ကျမ်းစူး

၃၃။ ဟိုင်းဝေးတစ္ဆေ

၃၄။ သွေးစုပ်သူယောင်မယ်

၃၅။ အမေကိုစားတဲ့သမီး

၃၆။ အောက်လမ်း (ပထမပိုင်း)

၃၇။ အောက်လမ်း (ဇာတ်သိမ်း)

၃၈။ စုန်းတောက်တဲ့ ••• ည

၃၉။ ချစ်တီးတိုက်

၄၀။ သချိုင်းကုန်းက ••• ဟိုတယ်ကြီး

၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ


www.burmeseclassic.com

www.burmeseclassic.com


၄၂။ ကျောက်ကြီးမောင်နှမ

၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော

၄၄။ ခတ်ဆေး

၄၅။ မှင်စာငိုသံ

၄၆။ တစ္ဆေခြောက်တဲ့ခုတင်ကြီး

၄၇။ အစိမ်းမ

၄၈။ အခန်းနံပါတ် A–၄၅

၄၉။ လူမည်းကြီး

၅၀။ Facebook တစ္ဆေ


ယခု

သရဲကြီး အတာ

www.burmeseclassic.com

www.burmeseclassic.com

သရဲကြီး အတာ

# ပဒိုတ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁]

www.burmeseclassic.com

www.burmeseclassic.com

(ရွှေထော်လစ်ရေးအာလေ ...)

ဘုရားဒေသရှိ ဆီမီးရှာလေးရဲ့နွေကာလဟာ သူရိန်နေမင်း နဲ့အပြိုင် တောက်ပစွာ သက်ဝင်လှုပ်ရှားနေတယ်။

ရှာဝင်လမ်းအတိုင်း တရွေ့ရွေ့မောင်းနှင်သွားတဲ့ လှည်းယာဉ်ကျော့တစ်စီး။

ထိုလှည်းပေါ်မှာတော့ ပိုးပျော့လုံချည်၊ စေ့အင်္ကျီပါးလေးနဲ့

www.burmeseclassic.com



မြို့ဆန်စွာ ဝတ်ဆင်ခြယ်သထားတဲ့ အသက်နှစ်ဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး။

လှည်းနောက်မှာတော့ နွမ်းဖတ်ဖတ်အဝတ်အစားနဲ့ လူငယ် တစ်ယောက်။

အမျိုးသမီးက နံ့သာယပ်တောင်လေးကို တဖျပ်ဖျပ် ခတ်ရင်း ...

"ပူလိုက် အိုက်လိုက်တာနော်၊
လှည်းကလည်း မြန်မြန်မောင်းစမ်းပါ၊
အိမ်ရောက်ချင်လှပြီ၊
ဟဲ့ ... စံဖေ ... သွား ...
နင် အိမ်ကို ပြေးပြောထားစမ်း၊
ငါ ပြန်လာတာကို အိပ်ရာပြင်ထားလို့
ငါ နားချင်လှပြီ"
လို့ လှမ်းပြောလိုက်တယ်။

လှည်းနောက်ထိုင်နေတဲ့ကောင်လေးဟာ သူမရဲ့အပြော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှည်းပေါ်က ခုန်ဆင်းပြီး ပြေးထွက်သွားတော့တယ်။

အပြေးတစ်ပိုင်းလာနေတဲ့ စံဖေ တွေ့မြင်တဲ့ ရွာသူတစ်ယောက်က ...

"အလို ... ငစံဖေပါလား၊

နင်တို့ မြို့က ပြန်လာကြပြီပေါ့။

နင် ဘာလို့ပြေးနေတာလဲဟဲ့။

သူကြီးအိမ်က ထွက်မပြေးပါဘူးတော်"

လို့ လှမ်းစကားဆိုတယ်။

"မဟုတ်ဘူး မတုတ်ရဲ့၊

သူကြီးသမီး ခရီးပန်းလာတယ်လေဗျာ။

ဒါကြောင့် ... အိမ်အရင်သွားပြီး

ပြင်ဆင်ခိုင်းမလို့ဗျ"

"ဟင် ... သူကြီးသမီးတောင် ပြန်လာပြီပေါ့။

မြို့က ဘာတွေများ အဆန်းအထွေပါသလဲ

ငစံဖေရ"

www.burmeseclassic.com

www.burmeseclassic.com



မတုတ်ရဲ့ စပ်စုစကားကြောင့် စံဖေက ...

"ပါလာတာတော့ အများကြီးပဲ၊

အဆန်းအထွေကတော့ ရွှေတစ်ဆုပ်ပါတယ်

ပြောတာပဲဗျ ... သွားပြီဗျို့"

စံဖေက အလျှင်စလိုပြောပြီး ဆက်ပြေးသွားလိုက်တယ်။

မတုတ်ဟာ မျက်လုံးထောင့်ကပ် စဉ်းစားဟန်ပြုရင်း ...

"ရွှေတစ်ဆုပ် ... ရွှေတစ်ဆုပ် ...

ဒါ သတင်းထူးပဲ၊

ယောင်းမတွေဆီ အမြန်သွားပြောချေမှ"

လို့တွေးပြီး အပေါင်းအသင်းတွေရှိရာဆီ ဦးတည်လိုက်တော့တယ်။

ရွာလယ် ရက်ကန်းစင်ရှိ ရွာသူတွေဟာ မတုတ်ရဲ့သတင်းကြောင့် ...

"သူကြီးသမီး ရွှေဝယ်လာတယ်ဆိုတော့

ပုံဆန်းတွေ မြင်ရချေသေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခါ သူ မြို့ကပါလာတဲ့
ဒေါင်းဘယက်ကြီးဆို လှချက်က
ကမ်းကုန်တော်"
"ကျုပ်တို့ငမွဲတွေအဖို့ သူကြီးသမီး
မြို့က ဝယ်ခြမ်းလာတဲ့ဟာတွေကြည့်ပြီး
သွားရည်ယိုတဲ့ ဘဝနဲ့
ကျေနပ်နေရတာ မဟုတ်လား။
လာကြအေ ... တောင်ပိုင်းက အေးစိန်တို့ဆီ
သတင်းပို့ရင်း သူကြီးအိမ်က
သွားကြိုကြရအောင်အေ့"

ဒီနောက်မှာတော့ ရွာသူတစ်သိုက်နဲ့ ရွာသားတချို့ဟာ သူကြီးအိမ်ဘက် ချီတက်သွားကြတော့တယ်။ ၏

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၂]

www.burmeseclassic.com

www.burmeseclassic.com

**သူကြီးဦးပွင့်တစ်ယောက်** နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရဲ့ အပေါ်ထပ်က လှမ်းကြည့်ရင်း မျက်လုံးပြူးသွားတယ်။

ဒါ့ကြောင့် ဆေးပြင်းလိပ်ကြီးကို ပါးစပ်က ဖယ်လိုက်ပြီး…

"ဟော့ … လူတွေ များလှချည်လားကွ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဝိုင်းထဲ ဘာလာလုပ်ကြတာတုံးဟ"

လို့ လှမ်းမေးလိုက်တယ်။

ဒီအချိန်မှာပဲ စံဖေ ဝိုင်းထဲရောက်လာသလို ရွာသားတစ်ယောက်က ...

"သူကြီးပွင့်သမီး မြို့က ပြန်လာပြီဗျ၊

ထုံးစံအတိုင်းပေါ့ သူကြီးရာ ... ဟဲ ဟဲ။

ကျုပ်တို့ မြို့ကပါလာမယ့်

အထူးအထွေလေးတွေ လာကြည့်ကြတာပါ"

လို့ မော့ကြည့်ရင် ပြောလိုက်တယ်။

သူကြီးဦးပွင့်က ဆေးပြင်းလိပ်ကြီး ပြန်ခဲရင်းက ...

"အိမ်း ... မင်းတို့လည်း တယ်ခက်ကြသကိုး၊

ငါ့သမီး မြို့ကပြန်လာတိုင်း

စပ်စုကြတာ အမောပဲဟေ့ ...

ဒုက္ခ ... ဒုက္ခ"

လို့ ရေရွတ်ပြီး အိမ်ထဲပြန်ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ လှည်းယာဉ်ဟာ ခြံဝိုင်းထဲ မောင်းဝင်လာတယ်။

ရွာသူတွေဟာ လှည်းအနီး ဝိုင်းအုံသွားပြီး ...

"ဟယ် ... ပွင့်မော်တို့ မြို့ကပြန်လာတာများ

အသားတွေ ပိုဖြူလာတယ်တော့၊

မျက်နှာလေးကို နုဖတ်လို့ပေါ့"

လို့ မြှောက်ပင့်စကား ဆိုကြကုန်တယ်။

ပွင့်မော်က လှည်းပေါ်က ဆင်းလိုက်ရင်း ...

"အပိုတွေတော် ... တော်တို့လာတာ

ကျုပ်သိပါတယ်၊ ပစ္စည်းတွေ

လာကြည့်ကြတာ မဟုတ်လား"

လို့ပြောပြီး ကွပ်ပျစ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

"ဟီဟိ ... ဒါလည်း ဟုတ်ပါတယ်အေ၊

ကျုပ်တို့က ညည်းလို မြို့ မသွားနိုင်ဘူးလေ၊

နင် ဝယ်ခြမ်းလာတာလေးတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



သွားရည်ယိုရတာဟာ၊

ဘာတွေပါလဲဟင်"

ရွာသူတွေရဲ့အမေးကြောင်း စံဖေက အထုပ်ပိုးတွေကို လှည်းပေါ်က ချပေးလိုက်တယ်။

ရွာသူတစ်သိုက်က အထုပ်အပိုးတွေပြည့်နေတဲ့ ပွင့်မော်ရဲ့ လက်ကို စိတ်လှုပ်ရှားစွာ ငေးစိုက်ကြည့်နေကြတယ်။

ရွာအဝင်မှာ စံဖေနဲ့ဆုံခဲ့တဲ့ မတုတ်က ...

"နင် ရွှေတစ်ဆုပ်ပါလာတယ်ဆို၊

အဲဒါလေးပဲ အရင်ပြစမ်းပါအေ"

လို့ တောင်းဆိုလိုက်တယ်။

သူကြီးသမီးပွင့်မော်က လက်ဆွဲအိတ်ထဲကနေ အထည်စတစ်ထပ်ကြီးကို ဆွဲထုတ်လိုက်တယ်။

အဆင်တူပေမယ့် အရောင်ကွဲတဲ့ အထည်စတွေ။

"နင်ကလည်းဟာ ရွှေအရင်ပြပါဆို၊

အထည်တွေ ပြနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် ... မတုတ်ပဲ ရွှေတစ်ဆုပ်ပြဆို၊

ရွှေတစ်ဆုပ်ဆိုတာ ခုမှ မြို့မှာ

နာမည်ကြီးနေတဲ့ အထည်စရှင့်"

ပွင့်မော်ရဲ့စကားကြောင့် ရွာသူတွေက မျက်လုံးအပြူး

သားနဲ့ ...

"ဟင် ... ရွှေတစ်ဆုပ်ပါလာတယ်ဆိုတာ

နင် ရွှေဝယ်လာတာ မဟုတ်ဘူးလား၊

အထည်စကြီးအေ"

"ရွှေကတော့ လက်ကောက်နှစ်ရံ

လုပ်ခဲ့တယ်၊ မြို့က ပန်းတိမ်မှာပဲ

အပ်ထားတုန်းရှင့်၊

ရွှေတစ်ဆုပ်ဆိုတာ ဒီအထည်စတွေပဲ ...

ဒီမှာကြည့်ကြ"

ပွင့်မော်က ပြောပြောဆိုဆို အထည်တစ်စကိုယူပြီး လက်ထဲ

လုံးချေပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူတွေဟာ သူမ လုပ်ပြတာကို မျက်တောင်ခတ်စတမ်း ငေးစိုက်ကြည့်နေကြတယ်။

"ဟောမှာ တွေ့လား ... ခုလို လုံးချေလိုက်တော့

လက်တစ်ဆုပ်စာလေးပဲ ရှိတယ်လေ၊

အထည်မှာ ရွှေမှုန်တွေလည်း ပါတယ်။

ဒါကြောင့် ... သူ့ကို ရွှေတစ်ဆုပ်လို့

ခေါ်တာရှင့်"

"အေး ... ဟုတ်ပါရဲ့ ... တကယ့်ကို

လက်တစ်ဆုပ်စာပဲရှိတာကိုး၊

ဒီအထည်စမျိုး မကြုံဖူးပေါင်တော်၊

လက်လှည့်ပွဲ ကြည့်နေရသလိုပဲ"

"ဩော် ... ရွှေတစ်ဆုပ် ... ရွှေတစ်ဆုပ်၊

ရွှေထည်တွေ မဟုတ်ဘဲ အထည်စကြီးပဲ၊

လုံးချေပစ်လိုက်ပုံများ လက်တစ်ဆုပ်စာပဲရှိတာ

... အံ့ချက်တော်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ထူးဆန်းတဲ့အထည်စပဲအော့၊
မြောက်ပိုင်းက ကောင်မတွေကို
ရွှေတစ်ဆုပ်အကြောင်း ဖောက်သည်ချရချေသေးရဲ့"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၃]

www.burmeseclassic.com

www.burmeseclassic.com

"အဘရေ ... ကျုပ် မြို့ကပါလာတဲ့

မုန့်ပဲသရေစာလေးတွေ ဆရာတော့်ကျောင်း

ဦးဦးဖျားဖျားလေး သွားကပ်ဦးမယ်တော်၊

အဘရော လိုက်ခဲ့ပါလား"

ပွင့်မော်က စားသောက်ဖွယ်ရာများကို စားပွဲပေါ်တင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်တယ်။

သူကြီးပွင့်က ပက်လက်ကုလားထိုင်မှာထိုင်ပြီး ဒူးခေါင်းကို နှိပ်နယ်နေရာက ...

"မလိုက်တော့ပါဘူး လုံမလေးရယ်၊

အဘ ဒူးတွေ ပြန်ကိုက်နေတယ်။

စံဖေ့ကိုတောင် ဆေးဖော်ခိုင်းနေရတယ်ကွဲ့၊

လုံမလေးပဲ သွားချေတော့"

လို့ ပြောလိုက်တဲ့အတွက် သူမတစ်ယောက်တည်း ဆရာတော့်ကျောင်းဘက် ထွက်ခဲ့ရတယ်။

ပွင့်မော်ဟာ ဆရာတော်ကျောင်းသွားရာလမ်းဖြစ်တဲ့ ထန်းပင်စုလမ်းအတိုင်း တရွေ့ရွေ့လျှောက်ခဲ့တယ်။

မျက်နှာချင်းဆိုင်ဘက်ဆီမှ လူသံကြားလိုက်ရတဲ့အတိုင်း ခေါင်းငိုက်စိုက်လျှောက်နေတာကနေ သူမ လှမ်းကြည့်ဖြစ်တယ်။

သူမ မျက်မှောင်ကြုတ်သွားရင်း စိတ်ညစ်ညူးတဲ့ဟန် ပြောင်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်မှာ လျှောက်လာတဲ့ လူသုံးယောက်။

အရက်မူးဟန်နဲ့ သိုင်းကွက်နင်း လျှောက်လာနေကြသလို ပါးစပ်ကလည်း ပြောချင်ရာပြောလာနေကြတယ်။

သူမ ဘုန်းကြီးကျောင်းမသွားတော့ဘဲ လှည့်ပြန်ဖို့ စဉ်းစားလိုက်တယ်။

ဒါပေမဲ့ … သူမရဲ့အတွေးက နောက်ကျသွားပြီ။

အမူးသမားတစ်ယောက်က ဒယိမ်းဒယိုင်ခြေလှမ်းကျဲနဲ့ သူမ,ရှိရာ ပြေးလာတယ်။

နောက်လှည့်ပြန်ဖို့ပြင်နေတဲ့ သူမရဲ့အရှေ့ ပိတ်ရပ်လိုက်ရင်း …

"ဒါက ဘယ်လှည့်ပြေးမလို့လဲ ပွင့်မော်ရဲ့၊

မတွေ့တာကြာလို့ ပိုချောလှနေတယ်ကွာ၊

ငါလေ နင့်ကို သတိရနေတာဟ

သိရဲ့လား … အေ့"

လို့ ယိုင်တိုင်တိုင်ပြောလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် အတာ ... ငါ အခု ဘုန်းကြီးကျောင်းသွားဖို့

နင် မနှောင့်ယှက်ပါနဲ့၊

နင့်လမ်း နင်သွားစမ်းပါ။

မူးနေရင် အေးဆေးနေစမ်းပါ"

အတာဆိုတဲ့လူငယ်က အရက်ပုလင်းကို ခါးကြားမှ ဆွဲ

ထုတ်လိုက်ရင်း ...

"ဟောဒီအရက်သောက်လို့ မူးနေတယ်ထင်သလား၊

အရက်ကြောင့် ငါမမူးဘူး ပွင့်မော်၊

နင့်ရဲ့အလှအပတွေက ငါ့ကို

မူးယစ်စေတာပါဟ ... ဟဲ ဟဲ၊

ငါ နင့်ဆီက အဖြေကောင်းထားတာ

ကြာလှရောပေါ့ဟ၊

နွေတွေလည်း ကုန်ပြီ၊ မိုးတွေနှောင်းလို့ ...

တစ်ဆောင်းပြီး တစ်ဆောင်းတောင်

ပြောင်းနေခဲ့ပါပြီဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အဖြေပြန်ပေးပါတော့ ပွင့်မော်ရာ ...

နော် ... အေ့ ... အေ့"

ပွင့်မော်ရဲ့မျက်နှာ ဒေါသကြောင့် နီမြန်းသွားရှာတယ်။

"နင့်ကို ဘယ်နှစ်ခါ ပြောခဲ့ပြီးပြီလဲ၊

နင့်လို တစ်ချိန်လုံး မူးရူးနေတဲ့လူ၊

လက်ကြောမတင်းဘဲ လေလွင့်နေတဲ့လူကို

ငါ့မှာ ပေးစရာအဖြေ မရှိဘူး၊

နင် ဖယ်စမ်းပါဟာ၊

ငါ့အဘနဲ့ တိုင်ပြောလိုက်ရမှာနော် ...

ဖယ်စမ်း"

အတာက သူမရှေ့က လက်ကာဆီးထားရင်းက အရက်ကို မော့ချလိုက်တယ်။

"ဟာဟ ... နင့်အဖေနဲ့ တိုင်မလို့လား၊

တောတို့က သူကြီးထိပ်တုံး

သောက်ဂရုမစိုက်ဘူးနော်၊

www.burmeseclassic.com

www.burmeseclassic.com


နင် ဘာဖြစ်နေတာလဲ ... နင်က သူကြီးသမီး၊

ရုပ်ရည်ရှိတယ်၊ ငွေရှိတယ်၊ ပညာတတ်တယ်။

အေး ... ဒီမှာကြည့်စမ်းပါဟာ၊

ငါဆိုတဲ့ကောင်ကလည်း လယ်ရှင်သား၊

ရုပ်ရည်ရှိတယ်၊ ငွေရှိတယ်၊ ပညာတတ်တယ်။

ရွှေရွှေချင်းထပ်တော့ ပိုမပြတ်ဘူးလား

ပွင့်မော်ရဲ့၊

နင် အသားလွှတ် မာနကြီးမနေစမ်းပါနဲ့ဟာ၊

ငါ့ကို ချစ်တယ်လို့ ပြန်ပြောလိုက်စမ်းပါ"

"အေး ... ဟုတ်တယ်၊

နင်နဲ့ငါက အဆင့်တန်းတူတယ်၊

မတူတာက စာရိတ္တပဲ၊

နင့်အကျင့် ငါမကြိုက်ဘူး။

နင့်လို အရက်သောက်၊

ကြက်တိုက်နေတဲ့ ပိုက်ဆံဝါလားကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ငါ အထင်မကြီးဘူး၊

ဘယ်တော့မှ နင့် ငါ မကြိုက်ဘူး။

ရွံတယ်၊ သေတဲ့ထိ မှတ်ထားစမ်း”

ပွင့်မော်ရဲ့ မာထန်တဲ့စကားကြောင့် အတာ့ရဲ့မျက်နှာ တင်းမာသွားတယ်။

သူမကို စူးစိုက်ကြည့်ရင်း နှုတ်ခမ်းကို ဖိကိုက်လိုက်တယ်။

ဒီအချိန် အတာရဲ့တပည့်နှစ်ယောက်ကလည်း ၎င်းတို့ အနား ရောက်လာပြီး ...

“ငါ့ကို ရွံတယ် ဟုတ်လား။

ရွံ ... ရွံ ... သေအောင်ရွံ၊

ဟောဒီမှာကြည့်”

အတာက ပြောပြောဆိုဆို အရက်ပုလင်းနဲ့ သူ့ခေါင်းသူ ပြန်ရိုက်ပစ်လိုက်တယ်။

အမှတ်မထင် ဖြစ်ရပ်ကြောင့် သူမ ကြောင်အမ်းသွားတယ်။

“မြင်လား ... ငါ့ခေါင်းက သွေးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ထား ... ဒါ သစ္စာပဲ၊

ငါ နင့်ကို ရအောင်ယူမယ်၊

သူကြီးသမီးပွင့်မော်ဟာ ... လယ်ရှင်သား

အတွက်အတွက်ပဲ ဖြစ်စေရမယ်၊

ငါ့ခေါင်းက သွေးတွေနဲ့ တိုင်တည်ပြီး

သစ္စာဆိုတယ်။ နင်ဟာ ...

ငါ့အတွက်ပဲ ပွင့်မော်။

နင်လည်း သေတဲ့အထိ မှတ်ထားစမ်း"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၄]

www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေးတော် သားလေးအတာ၊

ငါ့သားလေး ဘယ်လိုဖြစ်လာတာလဲ၊

သွေးတွေနဲ့ပါလား"

ပြောင်းဖူးဖတ်ဆေးလိပ်ဖွာရင်း ကွပ်ပျစ်ထက်ထိုင်နေတဲ့ ဒေါ်စိန်ခက်ဟာ သားဖြစ်သူရှိရာ ပြေးလွှားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက ယိုစီးကျတဲ့သွေးကြောင့် အတော့မျက်နှာတစ်ခုလုံး ချင်းချင်းနီနေပေပြီ။

ဒေါ်စိန်ခက်က အတော့ကိုတွဲရင်း ကွပ်ပျစ်ဆီခေါ်သွားတယ်။

"ကြီးတော်သားဗျာ ... တကယ်

လူစွမ်းကောင်းလုပ်တယ်၊

မိန်းတစ်ယောက်အတွက်များ

ကိုယ့်ခေါင်းကိုယ် ရိုက်ခွဲရတယ်လို့၊

အံ့ရောဗျို့"

အိမ်မှာ လုပ်ဖော်ကိုင်ဖက်လည်းဖြစ် အတော့ရဲ့သူငယ်ချင်း တပည့်လည်းဖြစ်တဲ့ ချက်ကြီးရဲ့စကားကြောင့် ဒေါ်စိန်ခက် မျက်လုံး ပြူးသွားရတယ်။

"ဟင် ... ဟုတ်လား သားလေး၊

ဘာလို့ ကိုယ့်ကို သွေးထွက်သံယိုဖြစ်အောင်

လုပ်ရတာလဲကွဲ့၊

ဟဲ့ ... ချက်ကြီးနဲ့ ချက်စု ...

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ဆေးဆရာသွားခေါ်ကြစမ်း”

ဒေါ်စိန်ခက်က ပြောပြောဆိုဆို ခေါင်းမှာ ပေါင်းထားတဲ့ တဘက်နဲ့ အတာ့မျက်နှာက သွေးတွေကို သုတ်ပေးလိုက်တယ်။

အတာက မိခင်လက်က ရှောင်လိုက်ရင်း ...

“မသုတ်နဲ့အမေ ... ဘာမှမဖြစ်ဘူး၊

ဒီဒဏ်ရာ ဒီအတိုင်းထားမယ်၊

ဒါက ... ကျုပ်ရဲ့သစ္စာအမှတ်အသားဗျ၊

ထားလိုက်”

လို့ပြောလိုက်တဲ့အခါ ဒေါ်စိန်ခက်က ရင်ဘတ်ဖိရင်း ...

“ဒီအတိုင်းထားလို့ မဖြစ်ပါဘူး၊

စိတ်ကို လျှော့လိုက်စမ်း အတာ၊

မင်း ဘယ်ကောင်မကြောင့်

ဒီလောက်ဖြစ်နေရတာလဲ၊

မင်း ရူးနေတာလား ... ဟင်”

လို့ ဒေါ်သသံထွက် အော်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျုပ် ရှုံးနေပြီ၊

ကျုပ် ပွင့်မော်ကို သိပ်ချစ်တာဗျ၊

သူကတော့ ကျုပ်ကို ဖုတ်လေတဲ့ငါးပိ

ရှိလေတယ်လို့တောင် မထင်ဘူး၊

ကျုပ် ဝမ်းနည်းတယ်ဗျာ၊

ကျုပ်က ကလေးဘဝထဲက

သူ့ကို စွဲလမ်းခဲ့တာဗျ"

အတာက ငိုသံကြီးနဲ့ ရေရွတ်ရင်း သွေးနဲ့မျက်ရည်တွေ ရောပြွန်းသွားတယ်။

ဒေါ်စိန်ခက်က သက်ပြင်းချမိရင်း ...

"အေးပါ ... သားလေးရယ်၊

သူ့ကိုမှ ငါ့သားလေး လိုချင်တယ်ဆို

အံမယ်လေ ရှိတာတွေအားလုံး

ပုံအောပြီး တောင်းရမ်းပေးပါ့မယ်ကွယ်၊

ခုတော့ ... ဒဏ်ရာကို ဆေးကြောလိုက်နော်

www.burmeseclassic.com

www.burmeseclassic.com



သားလေး"

မိခင်ရဲ့ တောင်းရမ်းပေးမယ်ဆိုတဲ့စကားကြောင့် အတောက မျက်လုံးအရောင်တောက်သွားတယ်။

"အမေ ... တကယ်လားဗျာ၊

ကျုပ်ကို ပွင့်မော်ကို တောင်းရမ်းပေးမှာ၊

လူကြီးကတိနော် အမေရ"

"အေးပါ သားလေးရယ် ... လူကြီးကတိပါ၊

အမေတစ်ခု သားတစ်ခုဘဝမှာ

အမေ့အတွက် သားလေးက အရေးကြီးဆုံးပဲ၊

ငါ့သားလိုချင်တာ အမေရအောင်

ကြိုးစားပေးမယ်"

ဒေါ်စိန်ခက်က သားဖြစ်သူကို ထိုသို့ဆိုရင်း သွေးတွေကို တဘက်နဲ့ သုတ်သင်ပေးလိုက်တယ်။

ဆေးဆရာရောက်လာတော့ အတောရဲ့ဒဏ်ရာကို မြန်မာ နည်း မြန်မာ့ဟန်နဲ့ကုသဖို့ကြိုးစားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီးဟာ ဆေးအာက်ဝင်တဲ့ သစ်ရွက်သစ်မြစ် တချို့ကို ဆုံထဲထည့်ထောင်းတယ်။

ပြီးတော့ ဝေထောင်းပြီးသားတွေကို ဒဏ်ရာမှာအုံပေးရင်း အဝတ်စနဲ့ စည်းပေးတယ်။

ရောစပ်ထားတဲ့ ဆေးမှုန့်တွေကို စက္ကူနဲ့ တစ်ထုပ်စီထုပ်ပိုး ရင်း ...

"ဟောဒီမှာ သောက်ရမယ့်ဆေးမှုန့်တွေ၊
ဝစ်နေ့သုံးကြိမ်သောက်ပါ၊
ဒဏ်ရာကို ရေမထိပါစေနဲ့"
လို့ပြောဆိုပြီး ခေါ်ကြွခယူ ပြန်သွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၅]

www.burmeseclassic.com

www.burmeseclassic.com

**ရေမိုးချိုးပြီး** သနပ်ခါးသွေးနေတုန်း ရှိသေးတယ်။

အိမ်ရှေ့ဆီက မတုတ်အသံကြောင့် အိမ်ထဲဝင်လာရင်း လှမ်းပြောလိုက်ရတယ်။

"အံမယ် ... ပွင့်မော်တို့များ

သနပ်ခါးလေးသွေးပြီး အေးအေးဆေးဆေးကို

www.burmeseclassic.com

www.burmeseclassic.com



လိမ်းနေပါလား၊

နေနိုင်ချက်တော် ... ဟိုတစ်ယောက်ကဖြင့်

ဟင်း ... ငါ မပြောလိုက်ချင်ဘူး”

အိမ်ခန်းထဲဝင်ဝင်ချင်း ပြောလိုက်တဲ့ မတုတ်စကားကြောင့်

သူမ ပါးကွက်ကွက်နေရာက ...

“အလွတ်ချည်းတော့ ... ဘယ့်နှယ်

ကျုပ်ရမ်းနေတာလဲ၊

ကျုပ်က အေးဆေးမနေလို့

ဘယ်လိုနေရမှာလဲ၊

ဘယ်သူတွေ ဘာဖြစ်ကြပြန်တာတုံး

မတုတ်ရဲ့”

“ဘယ်သူရှိရမလဲအေ့ ... အတာပေါ့၊

ညည်းကြောင့် သူ ခေါင်းကွဲသွားတယ်ဆို၊

ဆေးဆရာကြီးနဲ့တွေ့လို့ ပြောတာ၊

ပြောစမ်းပါဦး ဘယ်ပုံဖြစ်ကြလဲ”

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မော်က သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လူးနေရင်းက...

"ကျုပ်နဲ့ မဆိုင်ပေါင်တော်၊

ဒီကောင် ကျုပ်ကို နှောင့်ယှက်တာ

ကြာပြီလေ၊ မတုတ်တို့လည်း သိသားနဲ့၊

မနေ့က ကျုပ် ဆရာတော်ကျောင်းသွားတာ

လမ်းမှာ သူ့ဟာသူ မူးရူးပြီး

ခတ်ပြားပေါင်း အက်ကြောင်းထပ်တာပါ၊

ပြီးတော့ ... သူ့ဟာသူ

ခေါင်းကို ပုလင်းနဲ့ ရိုက်ပစ်တာ၊

ကျုပ်နဲ့ ဘာမှမဆိုင်ဘူး မတုတ်ရဲ့၊

လူစွမ်းကောင်းလုပ်ချင်တာကိုး၊

ခံပေတော့ပဲ၊ တော့အမှု

ကျုပ် မပတ်ချင်ပါနဲ့တော်"

"တောက ညည်းကို လွှတ်ကြိုက်တာအေ့၊

ခမျာက သနားပါတယ်အေ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ကြွက်တိုက်တာနဲ့၊ အရက်သောက်တာလေးပဲ
ရှိတာပါအေ၊ ရုပ်ကလေးလည်း
ဘိုင်စကုပ်မင်းသားလို ချောသားအေ့၊
ငွေကလည်း ကြေးရေတက်ပဲ၊
ညည်း ... ဒီလောက်တော့ ပစ်ပစ်ခါခါ
မလုပ်သင့်ပါဘူး၊ သနားစရာကြီးအေ"
"ကျုပ်ကတော့ မသနားနိုင်ပေါင်၊
သနားရင် ... တော့်ဟာတော်
ကြိုက်လိုက်ပါလား၊
အချစ်ဆိုတာ လုပ်ယူလို့မရဘူး အပျိုကြီးရဲ့၊
ကျုပ်စိတ်ကမှ သူ့မချစ်ဘဲ
ပြောင်းလဲလို့မရဘူး"
ပွင့်မော်ရဲ့အပြောကြောင့် မတုတ်က မျက်လုံးအပြူးသား
ဟန်နဲ့ ...
"ဇေတာက ဘိုင်စကုပ်မင်းသားနဲ့တူလို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကြိတ်ပိုးချင်နေတာနော်၊

ကျုပ်ကို မကြိုက်လို့ပေါ့၊

သူ့အတွက်ဆို မိတုတ်တို့က

ပုံပေးဖို့ အသင့် ... ဟင်း ... ဟင်း"

လို့ပြောလိုက်တဲ့အခါ ပွင့်မော်က အကျီလဲရင်း ...

"ပုံဆို ... အဝတ်တွေ ပုံနေပြီတော်၊

လျှော်ခဲ့ပါဦး မတုတ်ရေ၊

လျှော်ခကေတော့ ထုံးစံအတိုင်း

လုံချည်တစ်ကွင်း ပေးမှာပါ"

မတုတ်က အခန်းထောင့်ပုံထားတဲ့ အဝတ်ပုံကို လှမ်းကြည့်လိုက်တယ်။

"ပျင်းလို့ စကားပြောရမလား

မှတ်ပါတယ်၊ အဝတ်က လျှော်ရဦးမှာပေါ့၊

လုံချည်တစ်ကွင်း မျက်နှာကြောင့်

လျှော်ပါ့မယ်အေ၊ လျှော်ပါ့မယ် ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ...

"လုံမလေးရေ ... ဘယ်ရောက်နေလဲကွယ့်၊

ဟောဒီမှာ ညှော်သည်တွေရောက်နေတယ်၊

လာပါဦးကွယ် ခဏ"

ဆိုတဲ့အသံ ကြားလိုက်ရတယ်။

ပွင့်မော်ဟာ ခေါင်းဖြီးနဲ့ အမြန်ဖြီးပြီး ဆံပင်ကို ဖားလျားချထားလိုက်တယ်။

ခေါင်းလျှော်ထားတဲ့အတွက် တင်ပါးကျော်တဲ့ဆံပင်တွေက ဖြောင့်စင်းပြီး ကျနေတယ်။

"လာပြီ အဘရေ ... ကျုပ် လာပြီတော့"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၆]

www.burmeseclassic.com

www.burmeseclassic.com

ဗိမာန်ရဲ့အပြင်ထွက်လိုက်ကတော့ — ဘုရားစင်

ဖျာချော့ပေါ် ထိုင်နေတဲ့ ညှော်သည်နှစ်ယောက်။

“လာလေ လုံမလေးရဲ့၊

မြို့က အဘမိတ်ဆွေတွေပါကွဲ့”

သူကြီးပွင့်က သမီးဖြစ်သူကို အနားခေါ်ပြီး ညှော်သည်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးတယ်။

"ဟောဒါက ... အဘရဲ့သူငယ်ချင်း

ထောင်ပိုင်ကြီးဦးအုန်းမြင့်တဲ့၊

ဒါကတော့ ... အုန်းမြင့်ရဲ့သားလေး

ချစ်မြိုင်တဲ့ကွ၊

အရာရှိပေါက်စ ဆိုပါတော့ကွယ်"

ဧည့်သည်သားအဖက သူမကို အပြုံးနဲ့ နှုတ်ဆက်ကြတယ်။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်။

ကျွန်မ ပွင့်မော်ပါ"

သူမရဲ့ နှုတ်ဆက်သံကြောင့် အရာရှိပေါက်စ ချစ်မြိုင်က ပြုံးစိုက်ကြည့်ရင်း ...

"ပွင့်မော်လို သမီးချောလေးရထားတာ

အန်ကယ်ပွင့်အတွက် ဂုဏ်တက်စရာပေပဲဗျာ၊

တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အာဝဇ္ဇန်းရွှင်စွာ ပြောလာတယ်။

ငှင်းရဲ့စကားကြောင့် သူကြီးဦးပွင့်ဟာ ပြုံးပြုံးကြီးဖြစ်သွားပြီး ...

"သူငယ်ချင်းတို့ သားအဖ ...

ရောက်တုန်းရောက်ခိုက် အေးအေးနေကြကွာ၊

အချိန်အားရကြတယ် မဟုတ်လား"

ဦးအုန်းမြင့်က သူကြီးဦးပွင့်ကို ကြည့်ပြီး ...

"အချိန်က တစ်ရက်လောက်ပဲရတယ်ကွ၊

အညာဘက် တက်လာရင်း မင့်သတိရလို့

ဝင်ဖြစ်တာကွ၊

တစ်ရက်နေပြီး ပြန်မယ် သူငယ်ချင်းရ"

ဖခင်ရဲ့စကားကြောင့် ချစ်မြိုင်က ပွင့်မောင်ကို ငေးစိုက်ကြည့်နေရကာ ...

"အာ ... ဒယ်ဒီကလည်းဗျာ၊

ပျော်သလောက်နေကြရင် ပိုမကောင်းဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်မှာ မနေရတာ ကြာပြီဗျ”

“ဟား ဟား ဟား ... ငါ့သားကတော့

ရောက်ရောက်ချင်း မင်းတို့ရွာက

မခွာနိုင်ဖြစ်ပြီ ထင်ပါ့ကွာ၊

သားရဲ့သဘော၊ သားသဘောပါကွာ”

ဦးအုန်းမြင့်ရဲ့အပြောကြောင့် ပွင့်မော်တစ်ယောက် ရှက်သွေးဖြာသွားသလို သူကြီးဦးပွင့်က ရယ်မောလိုက်ရင်း ...

“ကဲ ... လုံမလေးရေ ညှို့သည်တွေအတွက်

တောချက် လက်ရာကောင်းကောင်းလေး

အစွမ်းပြလိုက်စမ်းဟေ့၊

စံဖေ့ကို ဟင်းစား အဝယ်လွှတ်လိုက်တော့”

ပွင့်မော်တစ်ယောက် အိမ်ရှေ့ခန်းကနေ အသာပြန်ဝင်ခဲ့တယ်။

နံရံမှီရပ်ရင်း ရင်ဘတ် လက်နဲ့အသာဖိထားမိတယ်။

နေရင်းထိုင်ရင်း ... ရင်တွေတုန်နေသလို မောသလိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတယ်။

ဒီအခါမှာ မတုတ်က ရုတ်တရက်ရောက်လာတဲ့အတွက် သူမ လန့်သွားပြီး ...

နဲ့လိုက်တာ ခတုတ်ရယ် ...

အသံမပေးဘဲနဲ့၊

ရင်ကို တုန်သွားတာပဲ"

လို့ ရေရွတ်လိုက်မိတယ်။

"အလို ... ရင်တုန်နေတာ

ငါ့ကြောင့် ဟုတ်မယ်မထင်ပေါင်၊

တွေ့တယ်နော်၊ ခုနက ...

ငါ လှေကားက ချောင်းကြည့်နေတာ၊

ကေနှ ... မြို့သား ကိုညိုထွားကြီးကြောင့်

ဖြစ်ရမယ် ... ဟီ ဟိ"

မတုတ်ရဲ့ကျီစယ်မှုကြောင့် သူမ ရှက်သွေးဖြာသွားမိရင်း ကယောင်ကတမ်း လှည့်ထွက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အို အို ... ဟဲ့ ... အဲ့မှာက

ပြတင်းပေါက်ပဲရှိတာလေ၊

ပွင့်မော်တို့ရှက်ပုံများ မီးဖိုချောင်ကို

ပြတင်းပေါက်က ခုန်ဆင်းမလို ထင်ပါ့တော်။

အပေါက်မှားနေပြီတော့်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၇]

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့နံနက်** သူကြီးဦးပွင့်တို့ နံနက်စာ စားသောက်ပြီးချိန်မှာတော့ ချစ်မြိုင်နဲ့ပွင့်မော်ဟာ ရွာထဲ လမ်းလျှောက်ထွက်ခဲ့ကြတယ်။

ဦးအုန်းမြင့်က ရေနွေးကြမ်းကို မော့သောက်လိုက်ပြီး ...

"ငါ မင်းကို အားနာနာနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောရတော့မှာပဲ သူငယ်ချင်းရာ၊
မင်း လက်မခံနိုင်ရင်လည်း
ငါပြောမယ့်စကားကို မပြောခဲ့ဘူးလို့ပဲ
မှတ်ပေးပါ သူငယ်ချင်း"

လို့ စကားချီလိုက်တဲ့အတွက် သူကြီးဦးပွင့် မျက်မှောင်ကြုတ်သွားတယ်။

"ဟော ... မင်းစကားက ဆန်းလှချည်လားကွ၊
တို့တွေက အင်္ဂလိပ်ကျောင်းမှာတည်းက
လည်ပင်းဖက် ပေါင်းခဲ့ကြသူတွေပါကွာ၊
ပြောမယ့်အရေးသာ ပြောစမ်းပါ"
"ဒီလိုကွ ... ညက ငါတို့အိပ်ရာဝင်တော့
ငါ့သားလေးက တစ်ခါမှ မတောင်းဆိုဖူးတာကို
တောင်းဆိုတယ်ကွ၊
မင်းရဲ့သမီး ပွင့်မော်လေးကို
မြင်မြင်ချင်း ချစ်ခင်စုံမက်လို့တဲ့ကွ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ... ငါကို မင်းဆီ

နားဖောက်ခိုင်းနေတယ်ဟေ့"

"ဟား ဟား ... ဘာများလဲလို့ကွာ၊

ငါ့အနေနဲ့ကတော့ မင်းရဲ့သားကို

ငြင်းစရာမရှိဘူးဟေ့၊

ငါ့သမီးလေး လက်ခံနိုင်ရင် ပြီးတာပါပဲ၊

သားသမီးချင်း လက်ဆက်ပေးလိုက်တော့..

တို့လည်း သူငယ်ချင်းဘဝကနေ

အမျိုးတော်စပ်သွားတာပေါ့ကွာ၊

ဒါ ... မင်္ဂလာသတင်းပဲဟေ့"

ဖခင်နှစ်ဦး ထိုသို့ပြောဆိုနေချိန် ချစ်မြိုင်နဲ့ပွင့်မော်ဟာ ထန်းပင်တန်းဘက် လမ်းလျှောက်နေကြတယ်။

ချစ်မြိုင်က လမ်းလျှောက်ရင်း ပွင့်မော်ကို ကြည့်ရင်းက...

"ပွင့်မော် ... မြင်မြင်ချင်း ချစ်တယ်ဆိုတဲ့စကားဒို

ပွင့်မော် ယုံသလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမျှော်လင့်စွာ အမေးခံလိုက်ရတဲ့အတွက် သူမ ရင်ထဲ အေးခနဲဖြစ်သွားတယ်။

"ရှင်"

ခြေလှမ်းတန့်ပြီး နှုတ်က ရေရွတ်လိုက်မိတယ်။

ချစ်မြိုင်က သူမကို ချစ်မြတ်နိုးစွာ ကြည့်လိုက်ရင် ...

"သိပ်ရက်သွားသလား ပွင့်မော်၊

ခုတွေ့ ခုချစ်စကားပြောမိလို့

ကိုယ့်ကို တစ်မျိုးမမြင်ပါနဲ့။

ကိုယ်က မကြာခင်မှာ

နိုင်ငံရပ်ခြားတိုင်းပြည်ကို

ပညာတော်သင် သွားရတော့မယ့်လူ

ဖြစ်နေလို့ပါ။ အမှန်တိုင်းပြောရရင်

ဒယ်ဒီက အညာဘက်သွားကြမယ်

ပြောတုန်းက ကိုယ်စိတ်မပါခဲ့ဘူး၊

မလိုက်ချင်ဘဲ ဒယ်ဒီ့စကား

www.burmeseclassic.com

www.burmeseclassic.com



လွှန်ဆန်မဝံ့လို့ လိုက်ခဲ့ရသူပါ၊

ဒါပေမဲ့ ... မနေ့က ရောက်ရောက်ချင်း

ပွင့်မော်ကို မြင်လိုက်ရတော့

ကိုယ့်စိတ်တွေ သိပ်လှုပ်ရှားမိတယ်၊

ကိုယ့်ကို ချစ်သူအဖြစ် လက်ခံပေးပါ၊

ကိုယ် ပွင့်မော်ကို လက်ထပ်ချင်တယ်၊

လက်ထပ်ခွင့်ပေးပါနော်"

ချစ်မြိုင်ရဲ့ စကားတွေက ပွင့်မော်ရင်ထဲ ဖြောင်းဆန်မတတ် လှုပ်ရှားကုန်ရပြီ။

သူမကိုယ်တိုင်လည်း ဘာကြောင့်မှန်းမသိဘဲ ညိုချော ချောပြီး ယောက်ျားပီသတဲ့ ချစ်မြိုင်ကို တွေ့တွေ့ချင်း စိတ်လှုပ်ရှား ခဲ့မိတာ မဟုတ်လား။

ခေါင်းငုံ့ပြီး ငြိမ်သက်နေရှာတဲ့ သူမရဲ့လက်ကို ချစ်မြိုင်က လက်နွေးနွေးကြီးတွေနဲ့ ဆုပ်ကိုင်လိုက်တယ်။

"ကိုယ့်ကို လက်ထပ်ခွင့်ပေးပါနော် ပွင့်မော်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲ နှင့်နေအောင်

ချစ်မိသွားလို့ပါကွယ် ... နော်"

အသက်ရှူရပ်မတတ် လှုပ်ရှားနေတဲ့ စိတ်တွေကို သူမ ထိန်းချုပ်လိုက်ရင်း ...

"အို ... ကိုချစ်မြိုင်ကလည်း၊

ပွင့်မော် မပြောတတ်တော့ဘူး။

အဘကို ပြောနော်"

သူမ ထိုသို့ပြောပြီး ချာခနဲလှည့်ထွက်ပြေးမိခဲ့တယ်။

သူမတို့အဖြစ်အပျက်ကို ထန်းပင်တစ်ခုအကွယ်က ငေးစိုက်ကြည့်နေတဲ့ လူတစ်ယောက်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၈]

www.burmeseclassic.com

www.burmeseclassic.com

"တောက် ... ရက်စက်လိုက်တာ

ပွင့်မော်ရာ၊ ငါ့ကျတော့ စောက်ဖက်မလုပ်ဘူး၊

ဟော့ကောင်ချက်ကြီး ... မင်းပြောတာ

သေချာတယ်နော်"

အတာတစ်ယောက် အကြီးအကျယ်ပေါက်ကွဲပြီး အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းလိုက်တယ်။

"ဟောဒီမျက်လုံးကြီးနဲ့ကို တွေ့တာပါကွ၊
ထန်းပင်တန်းမှာ တစ်ယောက်လက်
တစ်ယောက်ကိုင်လို့ကွ၊ ငါ စုံစမ်းကြည့်တော့ ...
မြို့ကအရာရှိ သားအဖတဲ့၊
သူကြီးပွင့် ငယ်သူငယ်ချင်းဆိုတာ သိခဲ့ရတယ်၊
စိတ်ကိုလျှော့ပါ အတာရာ၊
မင်းခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့ကွာ"

"မလျှော့နိုင်ဘူးကွာ ... မလျှော့နိုင်ဘူး။
ပွင့်မော်ကို သူစိမ်းယောကျ်ားနဲ့
တွဲတွေ့ရတာ ငါ့ရင်ဘတ်ကို
မီးစနဲ့ ထိုးသလိုပဲကွ၊
ငါ အရက်သောက်ချင်တယ်ချက်ကြီးရာ၊
သွားဝယ်ခဲ့စမ်းပါကွ"

အတာဟာ နံရံကို တဘုန်းဘုန်းကန်ကျောက်ရင်း ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ချက်ကြီးက အခန်းထဲက တောင်းကြီးတစ်လုံး ဆွဲထုတ်လာရင်း ...

"ကဲ ... ရော့ကွာ၊

မင်း မှုးချင်နေတာသိလို့

နေ့လယ်ထဲက ကြိုဝယ်ခဲ့တာ။

ငွေတော့ မပေးရသေးဘူး၊

မင်း နောက်နေ့မှ ပေးလိုက်၊

ဒါနဲ့ ... ဒေါ်လေးလည်း မတွေ့ပါလားဟ"

လို့ပြောတဲ့အတွက် အတာက အရက်တစ်လုံး ဆွဲယူလိုက်တယ်။

"အမေ မရှိဘူး၊ ဆရာတော့်ကျောင်း သွားတယ်"

"ဟုတ်လား ... ဒါဆို ...

ကြောင်အိမ်ထဲ ဘာရှိမလဲမသိဘူး၊

ငါ အမြည်းသွားရှာလိုက်မယ်ဟော့"

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးက မီးဖိုဆောင်ရှိရာ ထသွားတယ်။

အတော့ရင်ထဲ ဗလောင်ဆူစိတ်နဲ့အတူ အရက်ကို ရေမရော ဘဲ မော့ချလိုက်တယ်။

အနာရှိန်နဲ့ အိမ်ထဲအောင်းနေရတဲ့အတွက် အရက်မသောက်ရတာ နှစ်ရက်ရှိပြီ။

လည်ချောင်းတစ်လျှောက် ပူဆင်းသွားတဲ့ တစ်ကိုယ်လုံးနွေးခနဲ ခံစားလိုက်ရတယ်။

"ငါ့အချစ်ကျတော့ လက်မခံဘူး။

မြို့သားကျတော့ လက်ကိုင်တာတောင်

ငြိမ်ခံနေတယ်၊ ဟား ... ပွင့်မော်ရာ ...

မင်း ငါ့အပေါ် တစ်စက်လေးတောင် မငဲ့ဘူး။

တကယ်ဆို ... ငါတို့တွေက

ငယ်ငယ်လေးတည်းက အတူကြီးပြင်းခဲ့သူတွေပါဟာ၊

နင် ငါ့ကို ဘာလို့ မေတ္တာမရှိတာလဲ၊

ငါ မကျေနပ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မော် ... ပွင့်မော်ရေ”

အတာဟာ နှုတ်က ပြောချင်တာပြောရင်း အရက်ကို ဖိသောက်နေလိုက်တယ်။

အမြည်းယူပြီးထွက်လာတဲ့ ချက်ကြီးက မျက်လုံးပြူးသွားပြီး ...

“ဟာ ... အတာ မင်း ခဏလေးနဲ့

အရက်တစ်လုံးကုန်အောင် သောက်ရသလား။

မင်း ခေါင်းကွဲထားတာ မမေ့နဲ့ကွာ၊

သတိလေးနဲ့သောက် သူငယ်ချင်း”

လို့ အမြည်းဇလုံတွေချရင်း သတိစကားဆိုတယ်။

“မရတော့ဘူးကွာ၊ ငါ မခံနိုင်ဘူး၊

မင်း စဉ်းစားကြည့်စမ်းပါ ချက်ကြီးရ၊

မင်းကိုယ်တိုင် မြို့သားက သူ့ကို

လက်ကိုင်ထားတာ မြင်ခဲ့တာပဲကွ၊

သူ ... သူ ... မြို့သားကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်နေပြီ ထင်တယ်ကွာ၊

ငါတော့ ဖိုးကျန်ရစ်ကြီး

ဖြစ်ပြီထင်ပါ့ သူငယ်ချင်းရာ”

အတာက ဝမ်းနည်းဆို့နင့်သံကြီးနဲ့ ပြောလိုက်တဲ့အတွက်

ချက်ကြီး စိတ်မကောင်းဖြစ်သွားမိတယ်။

“မင်းက အစွဲကြီးတာကိုးကွ၊

ဒီမှာအတာရ …

မင်းတို့အနေအထား၊ မင်းရုပ်ရည်နဲ့

ပွင့်မော်ထက်သာတဲ့ မိန်းကလေးတွေ

အများကြီး ရွေးယူလို့ ရပါတယ်ကွာ၊

မင်းကို ငါ တွေ့မြင်တဲ့အတိုင်း

ပြောပြမိတာ မှားပြီထင်ပါ့ကွာ”

“မင်း မမှားဘူး ချက်ကြီး၊ မှားတာက ငါ၊

မီနေတဲ့ပန်းကိုတောင် ရအောင်

မခူးဆွတ်နိုင်တာ ငါ သိပ်ညံ့လို့ကွ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတာ မှန်တယ်၊

လှပတဲ့မိန်းမတွေ အများကြီးကွ၊

အေ့ ... ဒါပေမဲ့ ... အဲဒါ ...

ငါ့ရဲ့ပွင့်မော်လေး မဟုတ်ဘူးကွ၊

ငါ သူ့ကိုပဲ ပိုင်ဆိုင်ချင်တာ၊

ငါ ဘာလုပ်ရမလဲ သူငယ်ချင်းရာ"

ရင်ဖွင့်စကားနဲ့အတူ ငိုလိုက် အရက်မော့လိုက် လုပ်နေတဲ့ အတာ့ကိုကြည့်မိရင်း ချက်ကြီး ခေါင်းရမ်းလိုက်မိရှာတယ်။

"အေးပါကွာ ... မင်း ခံစားရတာ

ငါသိပါတယ်၊ အရက်ချည်း

မော့မနေနဲ့ကွ အမြည်းလည်း စားဦးကွာ၊

ဟောဒီမှာ ကြက်ကြော်ရှိတယ်၊

စားလိုက် အတာရာ"

ချက်ကြီးက အတာ့လက်ထဲ ကြက်ပေါင်ကို အတင်းထည့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ "ချက်ကြီးရေ မင်းရှိလားကွ" ဆိုတဲ့အသံ ကြားလိုက်ရတယ်။

"အေး ... ရှိတယ်ဟေ့ ဘာလဲကွ"

"ဆရာတော်ကျောင်းကနေ ဒေါ်လေးစိန်ခက်က

မင်းကို ခေါ်ခိုင်းလိုက်တယ်၊

ပစ္စည်းသယ်စရာရှိလို့ လာခဲ့ဦးတဲ့ကွ၊

သွားပြီဟေ့"

"အေး ... အေး ... ငါ

အခုပဲ သွားလိုက်မယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၉]

www.burmeseclassic.com

www.burmeseclassic.com

နေဝင်ရီတရောအချိန် ...

သူကြီးဦးပွင့်ရဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ် သူကြီးသားအဖနဲ့ ဧည့်သည်သားအဖ မျက်နှာစုံညီ ရှိနေကြတယ်။

ပွင့်မော်က လူကြီးသူမရှေ့ ရှက်ရွံ့ဟန်နဲ့ ခေါင်းငုံ့ရင်း ဖျာကို အဓိပ္ပာယ်မဲ့ လက်သည်းနဲ့ ခြစ်နေမိတယ်။

"ကဲ .... သူငယ်ချင်းရေ ...

www.burmeseclassic.com

www.burmeseclassic.com



အားလုံး မျက်နှာစုံညီ ရွှေလမ်းငွေလမ်း

ခင်းမယ့်အရေး ပြောပြီးပြီဆိုတော့

ငါတော့ သားလေးအတွက်

သိပ် စိတ်အေးသွားရပြီကွာ၊

ငါက ငါ့ရဲ့ချွေးမ မင်း့သမီးလို

မိုင်းကောင်းကျောက်ဖိလေးပဲ

ချွေးမတော်ချင်တာပေါ့၊

အိမ်း ... သားကလည်း မကြာခင်

ပညာတော် သင်သွားရမှာဆိုတော့

တို့ ရွာကမပြန်ခင်ဘဲ မင်္ဂလာကိစ္စစီစဉ်တာ

မကောင်းပေဘူးလားကွာ”

ဦးအုန်းမြင့်ရဲ့စကားကြောင့် သူကြီးပွင့်က ဆေးပြင်းလိပ်

ခဲရင်းက ...

“ကောင်းပါပေ့ သူငယ်ချင်းရာ၊

ငါ့လုံမလေးကလည်း လူကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလိုစီစဉ်ဖို့ ပြောပြီးသွားဆိုတော့

မင်္ဂလာပွဲကြီး မြန်လေ ကောင်းလေပဲပေါ့ဟော့

... ဟား ... ဟား"

လို့ ပြုံးပျော်စွာပြောလိုက်တယ်။

ကိုချစ်မြိုင်က ပွင့်မော်ရဲ့မျက်နှာလေးကို မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်းက ...

"ပွင့်မော်ရော မင်္ဂလာပွဲမှာ

ဘာတွေဖြစ်စေချင်တဲ့ဆန္ဒရှိလဲ၊

ပြောပါဦး ပွင့်မော်ရဲ့"

လို့ မေးလိုက်တယ်။

ပွင့်မော်က ကိုချစ်မြိုင်ရဲ့ မျက်နှာကို စုံမက်စွာ မော်ကြည့်လိုက်တယ်။

"အဘတို့ အစ်ကိုတို့ဆန္ဒက

ပွင့်မော်ဆန္ဒပါပဲရှင်။

ထူးထူးထွေထွေ မရှိပါဘူး အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ...

"ပွင့်မော်ရေ ...ပွင့်မော်"

နားထဲ သဲ့သဲ့ကြားလိုက်ရတဲ့အသံကြောင့် သူမ ခေါင်းငုံ့ပြီး ခြံဝိုင်းပြင်ဘက် လှမ်းကြည့်လိုက်တယ်။

အမှောင်ထု အနည်းငယ်ကြီးစိုးနေတာကြောင့် ဘာမှမမြင်ရဘူး။

သူမကို မျက်တောင်မခတ် ငေးကြည့်နေတဲ့ ကိုချစ်မြိုင်က...

"ဘာဖြစ်လို့လဲ ပွင့်မော်၊

အပြင်လှမ်းကြည့်နေတာ"

လို့ မေးလာတဲ့အတွက် သူမ ခေါင်းပြန်လှည့်ရင်း ...

"ဘာမှမဟုတ်ပါဘူး အစ်ကို။

ခေါ်သံကြားသလားလို့ပါ"

"ဟား ဟား ... ပွင့်မော်တော့

မင်္ဂလာပွဲအတွက် စိတ်လှုပ်ရှားနေပုံရတယ်၊

အစ်ကိုဖြင့် ဘာအသံမှ မကြားမိပေါင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်မြိုင်က သူမကို လှမ်းပြီး ကျီစယ်လိုက်တယ်။

"မနက်ကျရင် ဆရာတော့်ကျောင်းသွားပြီး

နေ့ကောင်းရက်သာ ရွေးခိုင်းရမယ်ဟော့။

ငါ့လုံမလေး မင်္ဂလာဆောင်ကြီးကို

အညာတစ်ကြောမှာ အကြီးဆုံးဖြစ်စေရမယ်၊

သူငယ်ချင်းအုန်းမြင့်ရေ ...

ငါပဲ တာဝန်ယူမယ်ကွ ... စရိတ်အားလုံး"

သူကြီးပွင့်ရဲ့စကားမဆုံးမီဘဲ ...

"သူကြီးပွင့် ... ဗျို့ သူကြီးပွင့်"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်။

"ဟော့ ... မောင်မှတ်လားကွ၊

တက်ခဲ့လေကွာ ... အိမ်ပေါ်ကို"

သူကြီးပွင့်ရဲ့ အသံဆုံးတော့ ကာလသားခေါင်း မောင်မှတ်

ဟာ အပြေးတစ်ပိုင်းဟန်နဲ့ အိမ်ပေါ်တက်လာတယ်။

"ရေးကြီးသုတ်ပြာဟန်နဲ့ပါလားကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာအရေးရှိသလဲ မောင်မှတ်ရ”

မောင်မှတ်က စိတ်လှုပ်ရှားဟန်နဲ့ ...

“ရွာထဲမှာ လူသေလို့ သူကြီး၊

ကျုပ် သူကြီးကို သတင်းလာပို့တာ”

“ဟေ ... လူသေလို့ဟုတ်လား၊

ရွာမှာ မကျန်းမာတဲ့လူ မရှိပါဘူး၊

ဘယ်သူများ ဆုံးသလဲကွ”

“ဘယ်သူရှိရမလဲဗျ ...

လယ်ရှင်ဒေါ်စိန်ခက်ရဲ့သား တေလေ၊

သူ့အိမ်လှေကားတက်မှာ အန်ဖတ်ဆို့ပြီး

သေသွားတာဗျ”

မောင်မှတ်ရဲ့အပြောကြောင့် သူကြီးဦးပွင့်နဲ့ ပွင့်မော်တို့ ‘ဟာ’ ခနဲ ဖြစ်သွားကြကုန်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၀]

www.burmeseclassic.com

www.burmeseclassic.com

မမြော်လင့်ဘဲ အတာသေဆုံးတဲ့သတင်းက တစ်ရွာ
လုံး ဂယက်ရိုက်ခတ်သွားတယ်။

သူကြီးဦးပွင့်နဲ့ ရွာသူရွာသားတွေဟာ လယ်ရှင်ဒေါ်စိန်ခက်
အိမ်ထဲ စုပြုံရောက်ရှိနေကြတယ်။

အိမ်ရှေ့လှေကားအတက်မှာ မှောက်လျက်ကြီး လဲလျက်

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးနေတဲ့အတာ။

မျက်နှာတစ်ခုလုံး အနိပ်ဖတ်တွေပေကျံနေသလို မျက်လုံးအစုံက ပြူးအစ်နေတယ်။

အလောင်းရဲ့နံဘေး ဒူးထောက်ထိုင်နေတဲ့ ဒေါ်စိန်ခက်က ဘယ်သူမှ ဖျောင်းဖျလို့မရအောင် ရင်ဘတ်စည်တီး ငိုကြွေးနေရှာတယ်။

"အဖြစ်ဆိုးလိုက်တဲ့ ငါ့သားလေး၊
အမေ ဘယ်လိုဖြေရမလဲကွဲ့၊
ဟီး ... ဟီး ... ဟီး ... လောကမှာ
မိန်းမ ရှားသလားဟဲ့။
မိန်းမတစ်ယောက်အတွက်နဲ့ အရက်ကို
အလွန်သောက်ရသလား အတာရဲ့၊
အမေ နင့်အတွက် ရင်ထုမနာဖြစ်ရပြီ
သားလေးရဲ့"

ဒေါ်စိန်ခက်က ထိုစကားကိုသာ တွင်ပြားပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းထပ်သလို ပြောပြီး ငိုယိုနေတဲ့အတွက် ...

"စိတ်ကိုလျှော့ပါ မစိန်ခက်ရာ။

ကံကြမ္မာဆိုတာ ဘယ်သူမှ

ကြိုမျှော်လင့်မထားပါဘူးဗျာ၊

ဖြစ်ပြီးမှတော့ လက်ခံဖို့ပဲ

ရှိပါတော့တယ်"

သူကြီးဦးပွင့်ရဲ့ နှစ်သိမ့်စကားကြောင့် ဒေါ်စိန်ခက် ဆတ်ခနဲ

မော့ကြည့်ပြီး ...

"ဘာလို့ လက်ခံရမှာလဲ၊

ကျုပ်သားက ငယ်ငယ်လေး ရှိသေးတာ၊

ဒါဟာ ... ရှင့်သမီးကြောင့်၊

ရှင့်သမီးကြောင့် ဖြစ်ရတာ ...

အီး ... ဟီး ... ဟီး"

လို့ စူးစိုက်ကြည့်ရင်း ပြောလိုက်တဲ့အတွက် ...

"စိတ်ကိုထိန်းစမ်းပါ မစိန်ခက်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သမီးက အိမ်မှာထိုင်နေတာပါ၊

ခင်ဗျားသားကို ဘာမှမလုပ်ဘူး၊

သူများတွေ တစ်မျိုးတမယ်ထင်အောင်

လျှောက်မပြောစမ်းပါနဲ့ဗျာ”

သူကြီးဦးပွင့်က ဒေါသသံစွက်ရင်း ပြောလိုက်တဲ့အခါ...

“ကျုပ်က လျှောက်ပြောနေတာ မဟုတ်ဘူး။

ကျုပ်ကို ချက်ကြီး အားလုံးပြောပြတယ်။

တော့်သမီး မြို့သားကို နှစ်သက်နေလို့

ကျုပ်သားလေး တအားစိတ်ညစ်ပြီး

အရက်တွေ ကျွံအောင် သောက်လိုက်တာ။

တော်ကြီး မယုံရင် ဒီမှာလာကြည့်စမ်းပါ”

ဒေါ်စိန်ခက်က သူကြီးပွင့်ရဲ့လက်ကို ဆောင့်ဆွဲပြီး အိမ်ပေါ်

ခေါ်သွားတယ်။

“ဟောဒီမှာကြည့် ... ဒါဟာ

အထင်ရှား သက်သေပဲတော့်”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ခက် ညွှန်ပြရာကို သူကြီးပွင့် ကြည့်လိုက်မိတယ်။

မြောက်မြားလှတဲ့ အရက်ပုလင်းခွံတွေ ကြမ်းပေါ်ပွကျဲနေသလို နံရံမှာ မီးသွေးခဲနဲ့ ရေးခြစ်ထားတဲ့ စာကြောင်းတွေ။

... ပွင့်မော် မင်း သိပ်ရက်စက်တယ် ...

... ငါ မင်းကို ရင်ကွဲမတတ် ချစ်တာကွ။

... မဟုတ်ဘူး သူများလက် မင်းကိုငါ အပါအခံနိုင်ဘူး။

... ငါ ရအောင်ယူမယ် ပွင့်မော်။

ထိုစာတွေကြောင့် သူကြီးဦးပွင့်ဟာ ခေါင်းကို ခါရမ်းလိုက်မိတယ်။

ရွာသူရွာသားတွေကလည်း အိမ်ပေါက်ဝကနေ အလုအယက် ချောင်းမြောင်းကြည့်ရှုနေကြတယ်။

သူကြီးပွင့်က သက်ပြင်းရှည်ကြီးချမိပြီး ...

"အိမ်း ...မောင်အတာရဲ့

အပူသောကကလည်း မသေးပါလားကွဲ့၊

အားလုံးပဲ သိရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တစ်ခါတည်းပြောမယ်။

ကျုပ်သမီးကို အရာရှိလေး မောင်ချစ်မြိုင်နဲ့

မကြာခင်မှာ ကြီးကြီးကျယ်ကျယ်

လက်ဆက်ပေးမှာဖြစ်တယ်။

လုံမကလည်း မောင်ချစ်မြိုင်ကို

လက်ခံနိုင်တဲ့အနေအထား ရှိလို့

နှစ်ဦးနှစ်ဖက် ပြေလည်နေကြပါပြီ။

မစိန်ခက်ရဲ့သားအတွက်တော့ ...

ကျုပ် စိတ်မကောင်းပါဘူး။

ဒါပေမဲ့ ... ဖြစ်ပြီးမှ ပြောင်းလဲလို့

မရတော့ဘူးဗျ၊ အတာဟာ ...

ရတ်တရက်သေဆုံးတဲ့ အစိမ်းသေဖြစ်နေတယ်။

ဒါ့ကြောင့် ... ရွာရဲ့ဓလေ့အတိုင်း

အလောင်းကို ညတွင်းချင်း

ရွာပြင်ထုတ်ရလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကာလသားခေါင်း မောင်မှတ်တို့တွေ

နာရေးအတွက် ပြင်ဆင်ကြပါ"

လို့ ပြောပြီးနောက် ဒေါ်စိန်ခက် အိမ်ကနေ ပြန်ထွက်သွားတယ်။

"စာနာစိတ်မရှိတဲ့ လူကြီး၊

နင့်သမီးကြောင့် ငါ့သား သေရတာ၊

လုံးဝမကျေဘူးဟေ့၊

သားရေ ... အတာ ... သေတာတောင်

ချက်ချင်း ရွာပြင်ထုတ်ခံရတဲ့ဘဝ၊

ဆိုးလှချေလား သားရဲ့၊

ဟီ ဟီး ဟီး ... အီး"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၁]

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့သည် သန်းခေါင်ယံနီးတော့ ကာလသားခေါင်း မောင်မှတ်တို့အဖွဲ့ဟာ အလောင်းတင်ထားတဲ့ ဝါးကပ်ကြီးမရင်း ရွာနောက်ဘက် တရွေ့ရွေ့ လျှောက်ခဲ့ကြတယ်။

ရွာနောက်ဖက်ရှိ သချိုင်းမြေရောက်တော့ ဇရပ်ပေါ်ရှိ အလောင်းစင်မှာ ဝါးကပ်ကို တင်ထားလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှာသားတချို့က ကိုင်ဆောင်လာတဲ့ မီးတုတ်တွေကို ဇရပ်ပေါ်ရှိ တိုင်တွေမှာ စိုက်လိုက်တဲ့အတွက် ဇရပ်တစ်ခုလုံး လင်းကျင်းသွားတယ်။

မောင်မှတ်က ဇရပ်ကြမ်းပေါ် အသင့်ယူလာတဲ့ ဖျာကြမ်းချ ခင်းပြီး ထိုင်ချလိုက်တယ်။

ကျန်လူတွေက ကိုယ်စီယူဆောင်လာတဲ့ ပစ္စည်းအစုံအလင်ကို ဖျာပေါ်တင်လိုက်ကြတယ်။

အားလုံးပေါင်း ရှာသားဆယ်ယောက်။ ဇရပ်ပေါ် ဝိုင်းဖွဲ့ကြသလို ၎င်းတို့ရဲ့ အရှေ့မှာတော့ ဖဲထုပ်တစ်ထုပ်၊ အရပ်ပုလင်း တချို့နဲ့၊ ပဲကြီးလှော်ထုပ်တွေ။

"ရှာမှာ အစိမ်းသေမပေါ်တာ
ကြာရောပေါ့ကွ။ အတာ ...
အတာခမျာ သနားစရာကြီးကွ၊
ခေါင်းကွဲလို့ အိမ်တွင်းအောင်းမှ
အန်ပတ်ဆို့ သေရတယ်လို့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



သောက်ဖော်တစ်ယောက် လျော့သွားတာ

စိတ်မကောင်းဘူးဟေ့"

မောင်မှတ်ရဲ့စကားကြောင့် ကျန်တစ်ယောက်က ...

"အတာကြီးက သူကြီးသမီးကို

သိပ်ကြိုက်တာဗျ၊

သူ ဘယ်လောက့်ကြိုးစားပါစေ

ဟိုကလည်း လှည့်တောင်မကြည့်ဘူး၊

အိမ်နံရံမှာ မီးသွေးခဲနဲ့ ရေးထားတဲ့

စာတွေကြည့်ရင် ... ဟိုက မြို့သားနဲ့တွဲခုတ်လို့

အတာကြီး သိပ်ခံစားရတာ သိသာတယ်။

အတာကြီးက မအေအရှိန်ကြောင့်

လူ့ဘော်ကြော့နေတာကလွဲရင်

ဘာအပြစ်မှ မရှိပါဘူးကွာ"

လို့ပြောလိုက်တဲ့အခါ ချက်ကြီးက မျက်ရည်ဝဲလာသွားရှာ

တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘော ဒီလိုဖြစ်တာ ငါ့အပြစ်

မဟုတ်ဘူးကွာ၊ ငါသာ ...

မြို့သားနဲ့ပွင့်မော်အကြောင်း မပြောခဲ့ရင်

ငါသာ ကိုဘဆိုင်က အရက်တွေ

တောင်းလိုက် သယ်မသွားခဲ့မိရင်

သူ ဘာမှ ခံစားရမှာ မဟုတ်ဘူးကွ၊

ငါဖြေလို့မရဘူး တောရယ်"

ချက်စူက အသင့်ယူလာတဲ့ ဝါးခွက်တွေထဲ အရက်ငှဲ့ထည့်လိုက်ယ်။

အရက်တစ်ခွက်ကို အလောင်းစင်ဘေးရှိ ခုံပုလေးပေါ် တင်လိုက်ရင်း ...

"အတာရေ မင်းက သေတာတောင်

အရက်ကိုဖက်ပြီး သေတာမဟုတ်လားကွ၊

ငါတို့နဲ့အတူ သောက်ဦးကွာ၊

ဒါက မင်းအတွက်ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေရွတ်လိုက်တယ်။

"ကဲပါကွာ ... ခု တို့က အလောင်းစောင့်ရမှာကွ၊

သူကြီးပွင့်အမိန့်က ကျပြီးသား၊

ဒီတော့ ဖဲရိုက်၊ အရက်သောက်ရင်း

အပူတွေကို မျောလိုက်ကြရအောင်ဟေ့"

ကာလသားအဖွဲ့ထဲ အသက်အကြီးဆုံးဖြစ်တဲ့ ဒွေးကြီးက ထိုသို့ဆိုလိုက်ရင်း ဖဲဝိုင်းစတင်လိုက်တယ်။

ညဥ့်နက်လာသည်နှင့်အမျှ မသာစောင့်အဖွဲ့ဟာ ဖဲရိုက်တက်လာသလို အရက်ရှိန်ပါ တက်နေကြပြီ။

ဒီအချိန်မှာပဲ ဇရပ်ဘက် မျက်နှာမူပြီး ခွေးတစ်အုပ်ဟာ ဓရပ်မနား အူလိုက်ကြတယ်။

ခွေးအူသံတွေနဲ့အတူ လေပြင်းတစ်ချက် ဝှေ့သွားတာကြောင့် မီးတုတ်တွေ လှုပ်ယမ်းသွားတယ်။

"ဟာကွာ ... ဒီခွေးတွေကလည်း

နားငြီးလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



လေကတိုက်တော့ မီးတုပ်လှုပ်တာနဲ့

ကောင်းကောင်းမဆော့ရဘူး။

ခဲနဲ့ပေါက်ကွာ ခွေးစုတ်တွေကို"

မောင်မှတ်က လှျာလေးသံနဲ့ပြောလိုက်တော့ ချက်ကြီးက စုပုံထားတဲ့ ဖိနပ်တွေနဲ့ ခွေးတွေထံ လှမ်းပေါက်လိုက်တယ်။

ထိုအခါ ခွေးတစ်အုပ်ဟာ အူသံမရပ်ဘဲ ရှောင်တိမ်းထွက်သွားကြကုန်တယ်။

ဒုတ် ... ဒုတ် ... ဒုတ်။

အသံကြောင့် အလောင်းစင်ကျောပေးထိုင်နေသူတွေ ဆတ်ခနဲတွန့်ပြီး တစ်ဦးမျက်နှာတစ်ဦး ကြည့်မိလိုက်တယ်။

သင်္ချိုင်းမြေတစ်ခုလုံးရဲ့ ချောက်ချားမှုကို လေတိုးသံက ကြီးစိုးထားနေတယ်။

"ဟကောင်တွေ ... မင်းတို့နောက်က

အလောင်းစင်က လှုပ်နေသလိုပဲကွ ...

ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စင်နဲ့ မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ချက်စူက လက်ညှိုးထိုးရင်း ပြောလိုက်တယ်။

တကယ်လည်း အလောင်းစင်ကြီးက ဒုတ် ... ဒုတ် အသံမြည်ရင်း လှုပ်ရမ်းနေတယ်။

အရက်ရှိန်တက်ပြီး ဖဲချပ်တွေဆီသာ အာရုံရောက်နေတဲ့ ကာသားတွေဟာ ...

"အာ ... လှုပ်ရုံမကလို့ ...

ထလာလည်း ဘာမှမဖြစ်ဘူး၊

အတာရေ ငါတို့နားတော့ မနေနဲ့နော်ကွ၊

မင်းရဲ့ချစ်ချစ်လေးဆီ သွားပော့"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၂]

www.burmeseclassic.com

www.burmeseclassic.com

ရွာလမ်းတစ်လျှောက် တိတ်ဆိတ်မှုကို ခွေးအူသံဆိုးကြီးက လွှမ်းမိုးထားတယ်။

သချိုင်းဘက်က ရွေ့လျားလာတဲ့ ခွေးတစ်အုပ်နဲ့အတူ ယောက်ျားတစ်ယောက်ရဲ့အရိပ်ကြီးဟာ ရွာထဲ တရွေ့ရွေ့ ချဉ်းကပ်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



နာရေးအိမ်ဖြစ်တဲ့ လယ်ရှင်ဒေါ်စိန်ခက်တစ်အိမ်ပဲ မီးရောင် လင်းနေသလို လူသံတွေ ကြားနေရတယ်။

ဒေါ်စိန်ခက်ဟာ သားစိတ်ကြောင့် သတိရတစ်ချက် မေ့ တစ်ချက် ဖြစ်နေရှာတယ်။

ဒါ့ကြောင့် ဆေးဆရာကြီးကို အိမ်ပင့်ထားရရှာတယ်။

ရွာသူတချို့ ဒေါ်စိန်ခက်နား ရှိနေတဲ့အတွက် ဆေးဆရာ ကြီးဟာ ကွပ်ပျစ်ဆီထွက်ပြီး ဆေးလိပ်ဖွာရှိုက်နေလိုက်တယ်။

ဒီအချိန်မှာပဲ ရွာသားနှစ်ယောက်က သူ့အနီး လာထိုင်ရင်း စကားပြောလာတဲ့အတွက် သုံးယောက်သား စကားပြောဆိုနေစဉ်—

"ခွေးတွေ အူလှချေလား ဆရာကြီးရ၊

ရွာထဲက ကလေးတွေတော့

လန့်နိုးကုန်တော့မှာပဲဗျာ"

"ရွာမှာ နာရေးရှိနေတာကိုးကွဲ့။

နာရေးရှိလို့ ခွေးအူတာ ဘာမှမထူးဆန်းပါဘူး။

မင်းတို့ ကြောက်လို့လားကွ၊ ယောကျာ်းတွေပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီးရဲ့စကားကြောင့် ရှာသားက ...

"ကြောက်တော့ မကြောက်ဘူးဗျ။

အဲ့အသံကြားရင် ကျောစိမ့်တာ ... ဆရာကြီးရေ"

ခွေးအူသံက အိမ်နဲ့နီးကပ်လာတဲ့အတွက် ပိုပြီး စူးစူးဝါးဝါး ကြားလိုက်ရတယ်။

ဒီအချိန်မှာပဲ ကွပ်ပျစ်ပေါ်ထိုင်နေတဲ့ ရှာသားတစ်ယောက် က ...

"ဟာ ... ဆရာကြီးတို့

ဟိုမှာကြည့်ပါဦးဗျ"

ဆိုရင် နာရေးအိမ်ရဲ့ ခြံဝဆီ ညွှန်ပြတယ်။

သုံးယောက်သား ကြည့်မိတဲ့အခါ ခြံဝမှာ တစောင်းအနေ အထားနဲ့ ရပ်နေတဲ့ ယောကျ်ားတစ်ယောက်အရိပ်။

အိမ်ထဲမှ အောက်လင်းမီးရောင်ကြောင့် ကွပ်ပျစ်ရှိလူတွေ ဟာ အရိပ်သာ လှမ်းမြင်ကြရတယ်။

သူတို့ လှမ်းကြည့်နေစဉ်မှာပဲ ... ထိုလူရိပ်ဟာ အရှေ့ဆီ

www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်သွားတယ်။

"ဒါ ဒါ ... အတာပဲဖြစ်မယ်

ဆရာကြီး၊ ကျောချမ်းလိုက်တာဗျာ၊

သရဲဆိုတာ ခုမှ မြင်ဖူးတော့တယ်"

"ဟုတ်တယ်ဟာ၊ အတာက ညကမှ

ဆုံးထားတာ၊ ပြီးတော့ ... အစိမ်းသေကြီး၊

ကျုပ် ... ကျုပ်တို့ အခြောက်ခံရပြီ"

ရွာသားနှစ်ယောက်ရဲ့အပြောကြောင့် ဆေးဆရာကြီးက

ဆေးလိပ်ဖွာရင်း ...

"ငါလည်း မင်းတို့လို မြင်လိုက်ပါတယ်ကွာ၊

အတာလာတာဆိုလို့ရှိရင် သူ့အိမ်ထဲ

သူဝင်လာမှာပေါ့။

ခုက ရှေ့ဆက်သွားတာပဲကွာ၊

ရွာထဲက ငှက်ပစ်တဲ့ တစ်ယောက်ယောက်

ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တော့တယ်။

ဆေးဆရာကြီးတို့ ထိုသို့ပြောနေစဉ်မှာပဲ ယောက်ျားအရိပ်ဟာ ခြံဝိုင်းတစ်ခုရှေ့ ရောက်ရှိသွားတယ်။

ဆိုးဆိုးဝါးဝါးခွေးအူသံကြောင့် သူကြီးဦးပွင့်တို့ တစ်အိမ်လုံး အိပ်မရဘူး။

ဦးပွင့်က ညည့်သည်တွေကို အားနာတဲ့အတွက် အိမ်ပေါ်က နေ လှမ်းပြီး ခွေးတွေကို နည်းအမျိုးမျိုး ခြောက်လှန့်ထုတ်လိုက် တယ်။

ဒါပေမဲ့ ... ခွေးတစ်အုပ်ဟာ ပေကပ်ပြီး သူ့အိမ်ရှေ့ရပ်နေ တဲ့အတွက် စံဖေ့ကို နှိုးလိုက်ရင်း ...

"ဟေ့ စံဖေ ... ထစမ်းပါကွ။

အိမ်ရှေ့မှာ မင်းပထွေးတွေ

အူနေတာ မကြားဘူးလား၊

ငါ့ညည့်သည်တွေ အိပ်ရေးပျက်လိမ့်မယ်၊

ရေနဲ့ပက်ပြီး သွားမောင်းထုတ်လိုက်စမ်းကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ စေခိုင်းလိုက်တယ်။

စံဖေလည်း အိပ်မှုန်စုံမွှားနဲ့ထရင်း ရေပုံးဆွဲ ထွက်သွားရတယ်။

... ပွင့်မော်ရေ ... ပွင့်မော် ... ပွင့်မော် ...

အိပ်မောကျနေတဲ့ သူမ၊ နာမည်ခေါ်သံကြောင့် ဆတ်ခနဲ လန့်နိုးသွားတယ်။

ဒီအသံ ခုလို လေးလေးပင်ပင်ကြီး ခေါ်လိုက်တဲ့အသံ။

နေဝင်ရီတရောအချိန်တုန်းက ကြားခဲ့တဲ့ခေါ်သံ။

ထိုခေါ်သံကြားပြီး သူမ အိမ်ပေါ် မောင်မှတ်ရောက်လာတာ။

ဘုရား ... ဘုရား ... အတာများ ခေါ်နေလေရော့သလား။

အတွေးကြောင့် သူမ ခေါင်းနပန်းကြီးသွားမိတယ်။

... ပွင့်မော် ... ပွင့်မော် ... ပွင့်မော်ရေ ...

နားထဲ ပဲ့တင်ထပ်သလို ကြားနေရတဲ့အတွက် သူမ ဆတ်ခနဲ ထထိုင်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ညဦးပိုင်းက ... သူ သူ အနံ့ဖတ်ဆို့

သေသွားတာ၊ ဘုရား ... ဘုရား ...

ငါ့ဆီလာပြီး ခြောက်လှန့်ပြီထင်ရဲ့။

ဒုက္ခပါပဲ"

မိန်းမသားပီပီ ကြောက်စိတ်က ချက်ချင်းဝင်လာရင်း

ခေါင်းကြိမ်းတက်သွားမိတယ်။

အခန်းပြင်လှမ်းကြည့်တော့ မီးရောင်လင်းနေတယ်။

ဒါဆို ... အဘ မအိပ်သေးဘူးပေါ့။

သူမ အိပ်ခန်းထဲက အလျင်အမြန် ထွက်လိုက်မိတယ်။

ထိတ်ထိတ်ပျာပျာဖြစ်နေတဲ့ သူမကိုကြည့်ရင်း ...

"ဘာဖြစ်လို့လဲ လုံမလေးရဲ့၊

ခွေးအူသံကြောင့် နိုးသွားတာလား၊

အေ့လေ ... ဒါကြောင့် စံဖေကို

သွားမောင်းထုတ်ခိုင်းထားတယ်"

"မဟုတ်ဘူး အဘ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည် ခေါ်သံကြားလို့

လန့်နိုးသွားတာ၊

ကြက်သီးထလို့ မအိပ်ရဲတော့ဘဲ

ထွက်လာမိတာ အဘရယ်၊

ကျုပ်စိတ်ထဲ တစ်မျိုးကြီးပဲ"

ပွင့်မော်ရဲ့အသံကြားတာနဲ့ ဘုရားစင်ရှေ့ အိပ်နေတဲ့ ချစ်မြိုင်ဟာ ခေါင်းထောင်လာတယ်။

သူမရှိရာ ထလာရင်း ...

"ဟုတ်သလား ပွင့်မော်၊

ကြည့်ရတာ ... နာရေးရှိလို့

ပွင့်မော် စိတ်ချောက်ချားနေပြီ ထင်တယ်။

ဘာမှမပူနဲ့ ... အစ်ကို စောင့်ပေးနေမယ်။

ပွင့်မော် ဟောဒီပလက်ကုလားထိုင်မှာ အိပ်လိုက်နော်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၃]

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့မနက် ...အာရုဏ်တက်ချိန်။**

ဒေါ်စိန်ခက်... ရွာသားတစ်စုနဲ့ ပင့်သံဃာငါးပါးဟာ သချိုင်းမြေကို ဦးတည်သွားနေကြတယ်။

ဆီမီးရွာရဲ့ဓလေ့အရ အစိမ်းသေအလောင်းကို ရွာပြင် ချက်ချင်းထုတ်ပြီး နောက်ဆုံး နေ့မွန်းမလွဲမီ မြေချကြရတယ်။

သံဃာငါးပါးက သချိုင်းဇရပ်မှာ သရဏဂုံတင်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် အတာရဲ့အလောင်းကို မြေချဖို့ ပြင်ဆင်ကြတယ်။

ဒေါ်စိန်ခက်ဟာ သားဖြစ်သူရဲ့နာမည်ကို တကြော်ကြော် ခေါ်ရင်း ကြေကွဲစွာ ငိုကြွေးနေရှာတယ်။

ရွာသူတချို့က ဒေါ်စိန်ခက်ကို ဝိုင်းဝန်းဖျောင်းဖျကြသလို ချက်ကြီးနဲ့ချက်စုက အလောင်းအား မြေကျင်းထဲချဖို့ ပြင်လိုက်ကြတယ်။

ချက်ကြီးတစ်ယောက် သူငယ်ချင်းအတာရဲ့ ပြူးအစ်နေတဲ့ ချက်လုံးအစုံကို မှိတ်ပေးဖို့ ကြိုးစားလိုက်တယ်။

"ဟင် ... ချက်ကြီး၊

အတာ့မျက်လုံးတွေ မှိတ်မရဘူးကွ။

အံ့သြစရာပဲကွာ"

ချက်စုရဲ့အပြောကြောင့် ချက်ကြီးဟာ အလောင်းရဲ့မျက်လုံး တွေကို အကြိမ်ကြိမ်မှိတ်ဖို့ ကြိုးစားလိုက်တယ်။

ဒါပေမဲ့ ... အချည်းအနှီးပါပဲ။

လုံးဝမှိတ်မရတဲ့အတွက် ချက်ကြီး လက်လျှော့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

ဒေါ်စိန်ခက်ကလည်း အတော့်ရဲ့ရုပ်အလောင်းကို နောက်ဆုံး အနေနဲ့ကြည့်ရင်း သည်းထန်စွာ ငိုကြွေးနေရှာတယ်။

အလောင်းမြေပြန်ဖို့ပြီးနောက် ဒေါ်စိန်ခက် မေ့မြောသွားတဲ့ အတွက် ရွာသားတွေကပဲ ထမ်းပိုးပြီး ပြန်ခဲ့ကြရတယ်။

ထိုအချိန် သူကြီးဦးပွင့်ရဲ့ အိမ်ဝိုင်းထဲမှာတော့ ရွာသားတွေ အလုပ်ရှုပ်နေကြတယ်။

သင်္ချိုင်းက ပြန်လာသူတွေဟာ ထိုမြင်ကွင်းကြောင့် ထူး ဆန်းသွားကုန်တယ်။

ဒေါ်စိန်ခက်ကို ပွေ့ချီထားတဲ့ ရွာသားတွေ ဆက်သွားကြပေ မယ့် ရွာသူတချို့က ကျန်ရစ်ပြီး ...

"တော်တို့ လူစုံနေကြပါလား၊

ဘာလုပ်နေကြတာလဲ အဲဒါ"

လို့ စပ်စုလိုက်ကြတယ်။

"သူကြီးသမီး မင်္ဂလာပွဲရှိတယ်ဟေ့။

www.burmeseclassic.com

www.burmeseclassic.com



တို့တော့ တဝကြီး စားရဦးမှာ။

ဒါကြောင့် ... မလျှာပ်ထိုးဖို့ ပြင်နေကြတာဟာ"

လုပ်အားပေးရွာသားရဲ့အံပြောကြောင့် ရွာသူတွေဟာ မျက်နှာ ရှုံ့မဲ့သွားရင်း ...

"အလိုတော် သူကြီးတို့ စိတ်မှမှန်ရဲ့လား။

ရွာမှာ နာရေးရှိတာသိလျက်နဲ့

သူက နာရေးနဲ့အပြိုင် ...

သာရေး လုပ်ဦးမတဲ့တော် ...

အံ့ချက်"

လို့ ဆိုလိုက်တဲ့အခါ ရွာသားက ...

"သူကြီးတို့ကို ပြောပြီးပြီဟ။

နာရေးရှိလို့ကို ဦးအောင်

သာရေးလုပ်တာတဲ့။

ရက်မလည်ခင် သူတို့မင်္ဂလာပွဲက

ရက်လည်တာစောင့်ရင် မင်္ဂလာပွဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျမှာစိုးလို့တဲ့။ အရှာရှိမင်းက

ဘိလပ်သွားရမယ် ဆိုလားပဲဟ"

"ဩော် ... ဒီလိုလား၊

ဒါနဲ့ ... ဒီအကြောင်း

ရွာကလူတွေအားလုံး သိပြီးပြီလားဟင်"

"မသိသေးဘူး ထင်တယ်၊

တို့တောင် စံဖေလာခေါ်လို့

ခုမှ ရောက်တာ"

"ဒါဆိုရင်တော့ ...

ရွာအနှံ့ သတင်းထူး ကြေညာရမယ်။

ကဲ ... ယောင်းမတို့ရေ ချီတက်ကြပါစို့ဟေ့။

တောင်ပိုင်း အရင်သွားကြမယ်"

ရွာသူတစ်သိုက်ဟာ ထိုသို့ပြောဆိုရင်း အားကြိုးမာန်တက်

ဆက်လျှောက်သွားကြတယ်။

"သွားကြဟေ့ ... သွားကြဟ။

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ တစ်နေ့တစ်နေ့ ...

အရပ်လှည့် အတင်းတုတ်တဲ့

အလုပ်ပဲရှိတဲ့ ကောင်မတွေ"

လုပ်အားပေးရွာသားက မကျေမနပ်လှမ်းပြောပြီး ခြံဝိုင်းထဲ ပြန်ဝင်သွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၄]

www.burmeseclassic.com

www.burmeseclassic.com

ရွာသူတစ်ဦးကြီး၏ သတင်းဖြန့်ကောင်းမှုကြောင့် ဒွင့်မော်ရဲ့မင်္ဂလာသတင်းက နေ့ဝက်မတိုင်ခင်ဘဲ ရွာနီးစပ်ချုပ် အားလုံး ပျံ့နှံ့သွားတယ်။

တစ်ဖက်ရွာရှိလူတွေပါ သူကြီးပွင့်ထံ လာရောက် မင်္ဂလာ သတင်းမေးမြန်းကြတဲ့အတွက် သူကြီးအိမ်မှာ ပွဲတော်ကြီးအလား

www.burmeseclassic.com

www.burmeseclassic.com



စည်ကားနေတယ်။

ရွာကလူတွေလည်း သူကြီးအိမ် ကလေးကအဆုံး ရောက်ကုန်ကြပြီ။

ဒေါ်စိန်ခက်ရဲ့ နာရေးအိမ်မှာတော့ ခြောက်ကပ်တိတ်ဆိတ်လျက်။

ဆေးဆရာကြီး ရွာသူရွာသားအချို့သာ ရှိနေကြတယ်။

ဒေါ်စိန်ခက်ရဲ့နားထဲ သူကြီးသမီး မင်္ဂလာပွဲသတင်းရောက်သွားတဲ့အခါ ...

"ရှိုင်းစိုင်းလိုက်တဲ့ သူကြီး၊

စာနာစိတ်မရှိလိုက်တာ၊

မင်္ဂလာပွဲလုပ်ချင်လည်း နာရေးပြီးမှပေါ့၊

ခုက ... ကျုပ်ကို ...

သက်သက် ရွဲ့စောင်းနေသလိုပဲ၊

ကျုပ်သားလေး တမလွန်ကနေ

စိတ်ချမ်းသာမှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သားရေ ... အတာ ... မင်းရဲ့ရက်မလည်ခင်ဘဲ
မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမက
မင်္ဂလာယူတော့မယ်ကွဲ့၊
အဖြစ်ဆိုးလိုက်တဲ့ ငါ့သားလေး၊
အတာရေ ... အတာ"

နာနာကျင်ကျင် ရေရွတ်ငိုကြွေးနေရှာတဲ့ ဒေါ်စိန်ခက်ကို ကြည့်ပြီး လူအားလုံး စိတ်မကောင်းဖြစ်ကုန်ကြတယ်။

အတာ ဘယ်လောက် သူကြီးသမီးကိုစုံမက်တာ၊ ဒေါ်စိန်ခက် ဘယ်လောက်သားဂဲ့ ဖူးဖူးမှုတ်ထားတာ ငယ်မွေးခြံပေါက် အားလုံး သိထားကြတဲ့အတွက် မျက်ရည်စို့ကြရှာတယ်။

ထိုအချိန် သူကြီးရဲ့အိမ်ပေါ်မှာတော့ ...

"ကဲ ... သားနဲ့သမီးတို့ ညနေဆို
မြို့ကခေါ်ထားတဲ့ အပ်ချုပ်သမားတွေ
ရောက်ကြလိမ့်မယ်၊
မင်္ဂလာပွဲမှာ ဝတ်စားဖို့

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ထားပြီးကြပြီလားကွဲ့."

ဦးအုန်းမြင့်က ချစ်မြိုင်နဲ့ ပွင့်မော်ကို ကြည့်ရင်း မေးလိုက်တယ်။

"ကျွန်တော်ကတော့ အပ်ချုပ်သမားလာမှ

သူတို့ယူလာမယ့် အဆင်ထဲကပဲ

ရွေးလိုက်မယ် ဒယ်ဒီ၊

ပွင့်မော်အတွက်ပဲ အရေးကြီးတာပါ၊

ပွင့်မော်ရော ... ဘာစီစဉ်ထားလဲ"

"အထည်စက ပွင့်မော် မြို့က

ပါလာတဲ့ အဆင်တွေရှိတယ် အစ်ကို၊

ရွှေတစ်ဆုပ်ပဲ ပွင့်မော် ဝတ်ဖြစ်မယ်၊

အရောင်တော့ မရွေးရသေးပါဘူး"

မတုတ်က ပွင့်မော်ရဲ့အနား ဝင်ထိုင်လိုက်တယ်။

"အပ်ချုပ်သမားတွေတောင် ရောက်တော့မယ့်ဟာ

အရောင် ကြိုရွေးထားတာ ကောင်းမယ် ပွင့်မော်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



လာလေ ... ကျုပ်တို့ပါ ဝိုင်းရွေးပေးမယ်"

"ဟုတ်သားပဲ သမီးလေးရယ်၊

သွား ... သွား ... အရောင်သွားရွေးချေကွဲ့၊

ဒယ်ဒီတို့ အကျွေးမွေးစာရင်း လုပ်ဦးမယ်

သားနဲ့"

ပွင့်မော်ဟာ မတုတ်တို့ အပျိုသုံးယောက်နဲ့အတူ အခန်းထဲ ဝင်ခဲ့တယ်။

မတုတ်က သူမကို ခုတင်ပေါ် ဆွဲထိုင်ချလိုက်ရင်း ...

"လာစမ်းပါဦးအေ ... နင့်ကို

ငါ မေးစရာရှိတယ်"

"အင် ... မေးလေ ဘာလဲတော့်"

"နင် အတာဆုံးသွားတဲ့ကိစ္စ

ဘယ်လိုမှ မခံစားရဘူးလား"

ပွင့်မော်ရဲ့မျက်မှောင်ကြုတ်သွားပြီး ...

"ဟင့်အင်း ... ဘာခံစားစရာရှိလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အမှုးသမား အနန်ဖတ်ဆိုသေတာ
ဘာဆန်းလဲ၊
အတာ့လိုကောင်ကို ယူမိရင်
ငယ်ငယ်ရွယ်ရွယ်နဲ့ ကျုပ်
မုဆိုးမ ဖြစ်နေမှာပေါ့၊
ကျုပ်က ကိုချစ်မြိုင်ကိုပဲ
နှစ်နှစ်ကာကာ ချစ်မိနေပြီ ... ဟိ ဟိ”
လို့ပြောပြီး အဝတ်ဗီရိုရှိရာ လျှောက်သွားတယ်။
“နင်ကသာ ဘာမှမခံစားရတာ၊
အတာ့အမေ ဒေါ်စိန်ခက်ကြီးက
နင့်ကို မကျေနပ်ဘူးအေ့၊
သူ့သားသေတာ နင့်ကြောင့်ဆိုပြီးတော့အေ၊
နင့်အဖေကလည်း သူများ နာရေးဖြစ်မှ
မင်္ဂလာပွဲ ထလုပ်တာကိုး။
ဟိုက အမြင်စောင်းနေတာပေါ့အေ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ မတုတ်ရယ်၊
သူ့သားသေသေ,မသေသေ
မင်္ဂလာပွဲက အမြန်စီစဉ်ကြမှာပဲ၊
ကိုချစ်မြိုင် ဘိလပ်သွားရမယ့်အရေးမို့ပါ၊
အားလုံးက ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ
မတုတ်ရဲ့၊ ကျုပ်တော့ ခုချိန် ...
တအားပျော်နေတာပဲ သိတယ်"

ပွင့်မော်ရဲ့စကားကြောင့် မတုတ်နဲ့ အပျိုတွေဟာ စိတ်မသက်မသာနဲ့ သက်ပြင်းချလိုက်ကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၅]

www.burmeseclassic.com

www.burmeseclassic.com

ချောက် ...ချောက် ...ချောက်

တိုင်ကပ်နာရီကြီးဆီကအသံ နားထဲတိုးဝင်လာရင်း ပွင့်မော်တရေးနိုးလာတယ်။

အိမ်ရှေ့ထွက်ကြည့်မိတော့ အားလုံး အိပ်မောကျနေပြီ။

ဒါကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ခွက်ငှဲ့သောက်ပြီး အခန်းထဲ ပြန်ဝင်ခဲ့တယ်။

ကျွီ ... ကျွီ ... ကျွီ ... ဖတ်။

အိပ်ရာပေါ်တက်ဖို့ ပြင်လိုက်တုန်းမှာပဲ အသံကြောင့် နောက်လှည့်ကြည့်မိတယ်။

"ဟင် ... ပြတင်းပေါက်တံခါး

ပွင့်နေပါလား၊ ငါ မအိပ်ခင်တုန်းက

သေချာပိတ်ထားပါရဲ့"

သူမ ထိုနေရာ လျှောက်သွားရင်း တံခါးကို ဆွဲပိတ်ဖို့ ပြင်လိုက်တယ်။

ဒါပေမဲ့ ... တံခါးက တစ်စုံတစ်ယောက် တွန်းထားသလို လုံးဝဆွဲပိတ်လို့မရဘူး။

မမျှော်လင့်ဘဲ သူမရဲ့အကြည့်က ငုံ့ကြည့်မိသွားတယ်။

လေတိုးနေတဲ့ သရက်ပင်ကြီးရဲ့ အကိုင်းအခက်သံတွေ ကြားနေရတယ်။

မစို့မပို့လင်းနေတဲ့ လရောင်အောက် သရက်ပင်အောက်

www.burmeseclassic.com

www.burmeseclassic.com



မားမားကြီးရပ်နေတဲ့ လူတစ်ယောက်။

"ဘယ်သူလဲ၊ အောက်မှာရပ်နေတာ ...

ဘယ်သူလဲ"

သူမ ခပ်ဆတ်ဆတ်လေး လှမ်းမေးလိုက်မိတယ်။

ထိုလူရိပ်ဟာ သူမ ကြည့်နေစဉ်မှာပဲ တဖြည်းဖြည်း အရုပ်ကြီး ရှည်ထွက်လာတယ်။

သူမ အံ့အားသင့်ပြီး ကြက်သေ သေသွားချိန်မှာပဲ။

"ပွင့်မော် ... ငါ နင့်ကို သိပ်ချစ်တယ်၊

နင် ဘယ်သူ့မှ မယူရဘူး၊

ဒါဟာ ငါ သတိပေးတာ"

အက်ကွဲကွဲအသံကြီးကြောင့် သူမ တအားလန့်ပြီး နောက်ဆုတ်လိုက်မိတယ်။

သူမကို စိမ်းစိမ်းကြီးစိုက်ကြည့်နေတဲ့ အတာ။

ပြူးအစ်နေတဲ့မျက်လုံးအစုံက သူမအတွက် ပိုမိုဇော်လန့်သွားစေပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး နင်သေပြီ၊
ငါနဲ့ ဘာမှမဆိုင်ဘူး၊
နင်ဟာ မကောင်းဆိုးဝါးပဲ ... ထွက်သွား"
လို့ ကယောင်ချောက်ချား ရေရွတ်လိုက်မိတယ်။
အတာက သူမကို စူးစိုက်ကြည့်ပြီး မဲ့ပြုံးပြုံးရင်း ...
"ဟုတ်တယ် ... ငါ နင့်ကို
သိပ်ချစ်လွန်းလို့ မကောင်းဆိုးဝါးဘ၀
ရောက်နေပြီ၊ နင့်ဘေးမှာ အမြဲရှိမယ် ပွင့်မော်၊
နင် မင်္ဂလာဆောင် မဆောင်ရဘူး"
"မဆိုင်ဘူး ... မဆိုင်ဘူး ...
မနှောင့်ယှက်နဲ့စမ်း။
ငါ့ချစ်သူနဲ့ ငါလက်ထပ်တာ
နင်နဲ့ဘာမှမဆိုင်ဘူး။
မကောင်းဆိုးဝါးကောင် ... ငါ့ရှေ့က ထွက်သွား"
သူမ ထိတ်လန့်တကြား ငြင်းဆန်လိုက်ချိန်မှာပဲ အတာ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပုံပြောင်းသွားတယ်။

ပြီးတော့ သူမရဲ့မျက်နှာနား တရွေ့ရွေ့ တိုးကပ်လာတယ်။

သူမ ဆောက်တည်ရာမဲ့သွားပြီး 'အမယ်လေး' လို့ အသံကုန် အော်ဟစ်လိုက်မိတယ်။

ဝုန်းခနဲပြိုလဲသံနဲ့အတူ သူကြီးဦးပွင့်တို့ လန့်နိုးပြီး အခန်းထဲ ပြေးဝင်လာကြတယ်။

ပြတင်းပေါက်နား ခွေလဲကျနေတဲ့ ပွင့်မော်ကြောင့် ထိတ်လန့်ပြီး ပြေးပွေ့လိုက်ကြတယ်။

"ပွင့်မော် ... ပွင့်မော်၊

ဘာဖြစ်တာလဲ ... ပွင့်မော်ရေ"

ချစ်မြိုင်က စိုးရိမ်တကြီး တတွတ်တွတ်ဆိုရင်း အိပ်ရာပေါ် တင်လိုက်တယ်။

"စံဖေ ... ဟေ့ စံဖေ၊

ဆေးဆရာ ချက်ချင်းသွားပင့်"

www.burmeseclassic.com

www.burmeseclassic.com



ဦးပွင့်တစ်ယောက် လှမ်းအော်ရင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။

"ဆောင်းတွင်းကြီး အေးနေတာတောင်
သမီးလေး ချွေးတွေ သိပ်ထွက်နေပါလား၊
သား ... သမီးကို တဘက်နဲ့ သုတ်ပေးလိုက် ... ရော့၊
ပွင့်မော် ... သမီးလေး"

ဦးအုန်းမြင့်က မျက်နှာသုတ်ပဝါ လှမ်းပေးရင်း စိုးရိမ်စွာပြောလိုက်တယ်။

ခဏကြာတော့ ဆေးဆရာကြီးရောက်လာတယ်။

ပွင့်မော်ကို သတိပြန်လည်အောင် ပြုလုပ်ပေးပြီးနောက် စမ်းသပ်ရင်း ...

"နှလုံးအား သိပ်နည်းနေပါလား။
သည်းခြေဆေးတိုက်မှရမယ်၊
သမီး ခေါင်းထူလိုက်နော်"

သတိပြန်ရလာတဲ့ ပွင့်မော်ကို ဆေးဆရာကြီးဟာ သည်း

www.burmeseclassic.com

www.burmeseclassic.com



ခြေဆေးတိုက်ပြီး ...

"စိတ်လှုပ်ရှားစရာတွေ ခံစားနေရပုံပဲ။

စိတ်ကိုငြိမ်အောင်ထား သမီး။

အဘပေးခဲ့မယ့် သည်းခြေအားဆေးကို

နေ့တိုင်းသောက်ပါ"

ဆေးဆရာကြီး ပြန်သွားပြီးနောက် သူမ ဖခင်ကို ဖက်တွယ်

ထိုက်ရင်း ...

"ကျုပ် ... ကျုပ် သိပ်ကြောက်တယ် အဘ။

ကျုပ်ကို အတာက လာခြောက်လှန့်နေပြီ။

ကျုပ်တစ်ယောက်တည်း မနေရဲဘူး၊

ကယ်ပါဦး အဘရယ်"

လို့ ရှိုက်ငိုချရင်း ပြောလိုက်တယ်။

သူမစကားကြောင့် ဦးပွင့်ဟာ မျက်မှောင်ကြုတ်မိရင်း

ခေါင်းခါရမ်းလိုက်မိတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၆]

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိန်သက်ထားစိုးလှောက် အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထိုင်ရင်း ကွယ်လွန်သွားတဲ့ သားဖြစ်သူအတွက် ရည်စူးပြီး စိပ်ပုတီး စိပ်နေမိတယ်။

သူမ ကျန်းမာရေးကောင်းမွန်လာတဲ့အတွက် ဆေးဆရာကြီးနဲ့ ရွာသူတွေ ဘယ်သူမှမလာကြတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရက်လည်နေ့ရောက်မှသာ ချက်ပြုတ်ရေးအတွက် အားလုံးစီစဉ်ပြီးသား။

ကာလသားတစ်စုကတော့ ညက ဖဲဝိုင်းအရှိန်နဲ့ အိမ်ပေါ်မှာ အတုံးအရုံး အိပ်ပျော်နေကြပြီ။

ဒေါ်စိန်ခက်တစ်ဦးတည်း ထိုင်နေစဉ်မှာပဲ အဘွားအိုတစ်ဦးဟာ ခြံဝိုင်းရှေ့ရပ်နေတာ မြင်လိုက်ရတယ်။

စူးစမ်းဟန်နဲ့ သူမ ကြည့်နေတုန်းမှာပဲ အဘွားအိုက အိမ်ထဲလှမ်းဝင်လာတယ်။

ဒေါ်စိန်ခက်ဟာ စိတ်ပုတီးကို ရပ်တန့်လိုက်ရင်း ...

"အဒေါ် ဘာကိစ္စများရှိပါသလဲ"

လို့ မေးလိုက်မိတယ်။

အဘွားအိုဟာ တောင်ဝှေးကို ချလိုက်ပြီး ကွပ်ပျစ်မှာ ဝင်ထိုင်တယ်။

သူမကြည့်ရတာ တအားမောပန်းနေပုံရတယ်။

"ကျုပ်က ခရီးသွားတစ်ယောက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



နေသိပ်ပြင်းလို့ မောလွန်းလို့ပါ၊
ရေအေးလေးတစ်ခွက်လောက်
သောက်လို့ရမလားကွဲ့"

"ဩော် ... ရပါတယ် အဒေါ်ရယ် ...
ရပါတယ်"

ဒေါ်စိန်ခက်က ကွပ်ပျစ်ဘေးရှိတဲ့ ရေအိုးစင်က ရေတစ်ခွက်ကို ခပ်ယူပြီး ကမ်းပေးလိုက်တယ်။

အဘွားအိုက ရေကို အငမ်းမရမော့သောက်လိုက်တယ်။

"အခုမှ ရင်ထဲ နေရသက်သာသွားတယ်။
ရေတစ်ခွက်တိုက်တဲ့အတွက်
ကျေးဇူးတစ်ခု တင်သွားရပြီပေါ့၊
ညည်းတို့အိမ်မှာ နာရေးဖြစ်နေသလား"

အဘွားအိုရဲ့အပြောကြောင့် ဒေါ်စိန်ခက် အံ့အားသင့်သွားမိရင်း ...

"ဟုတ်ပါတယ် အဒေါ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသားလေး ဆုံးသွားတာ

ရက်တောင်မလည်သေးပါဘူးရှင်”

လို့ ပြောလိုက်တဲ့အခါ အဘွားအိုက ...

“လပြည့်လကွယ်ညတွေမှာ ...

ပရလောကသားတွေရဲ့ စွမ်းအားဟာ

သာမန်ထက်ပိုပြီး ကြီးမားတတ်တယ်၊

ညည်းသားရဲ့ ဝိညာဉ်ဟာ ...

သူဖြစ်ချင်တာအားလုံး မကြာခင်

ဖန်တီးယူတော့မယ်”

“ရှင် ... တကယ်လား အဒေါ်ရယ်၊

ကျွန်မသားလေး ကျွတ်လွတ်အောင်

ဘာတွေများ လုပ်ပေးနိုင်မလဲရှင်”

အဘွားအိုက ထိုင်ရာက ထရပ်လိုက်ရင်း ...

“ဘာမှလုပ်လို့မရဘူး၊

ဖြစ်သင့်တာအားလုံး ဖြစ်သွားလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒတွေပြီးမြောက်မှ အဆုံးသတ်သွားမယ်”

လို့ပြောပြီး ထွက်သွားဖို့ပြင်လိုက်တယ်။

“ခုလိုပြောပြပေးနိုင်တဲ့အတွက်

ကျေးဇူးတင်ပါတယ် အဒေါ်၊

ကျေးဇူးရှင်ရဲ့ အမည်ကို

မှတ်သားထားချင်လို့ပါ။

အဒေါ့်နာမည်လေး ပြောပြခဲ့ပါရှင်”

ဒေါ်စိန်ခက်ရဲ့ တောင်းဆိုမှုကြောင့် အဘွားအိုက ခြေလှမ်း

မရပ်ဘဲ ...

“လောကမှာ အပြန်အလှန်

ကျေးဇူးပြုကြတာ မဆန်းပါဘူး၊

ကျုပ်ကို အများက အောက်လမ်း

ပညာသည်လို့ သိကြတယ်၊

ကျုပ်နာမည် ... ကဝေပျံ ဒေါ်အိုစာ”

ဒေါ်စိန်ခက် ကြောင်ငေးကြည့်နေတုန်းမှာပဲ အဘွားအိုဟာ

www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့ ထွက်ခွာသွားတော့တယ်။

"ကဝေပျံ ဒေါ်အိုစာနဲ့၊
အောက်လမ်းပညာသည်ဆိုတော့ ...
ငါ့သားလေးရဲ့ဝိညာဉ်ကို သူ
တွေ့မြင်နေရလို့ပဲ ဖြစ်ရမယ်၊
ငါ့သားလေးရဲ့ဆန္ဒက သူသိပ်ချစ်တဲ့
မိန်းကလေးကို စွဲလမ်းနေတာပဲ။
ဒါ ... ဒါဆို ... အို ... ငါ့သားလေး
ဝိညာဉ်ဘဝနဲ့ သူ့ဆန္ဒပြည့်ဝမယ်ဆို
ငါ ကျေနပ်တယ်၊
ငါ့သားအတွက် စိတ်ချမ်းသာပါစေ၊
သူလိုချင်တာကို အရယူနိုင်ပါစေ၊
သားလေးအတွက်ရေ ... မင်းလုပ်ချင်တာ
အားလုံး လုပ်ပစ်လိုက်စမ်းပါ၊
ဒါမှ အမေ့အပေါ် မောက်မာသလို

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံခဲ့တဲ့ သူကြီးသားအဖွဲ့ကို

လက်တုံ့ပြန်ပြီးသားဖြစ်မှာ သားလေးရဲ့၊

ဟင်း ... ဟင်း ... ဟင်း"

ဒေါ်စိန်ခက်က ထိုသို့ရေရွတ်ရင်း နာကြည်းစွာ ပြုံးလိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၇]

www.burmeseclassic.com

www.burmeseclassic.com



**ဒီကနေ့** လက္ခဏာည်ဖြစ်ပေမယ့် သူကြီးဦးပွင့်ရဲ့ တစ်အိမ်လုံး လင်းထိန်နေတယ်။

မင်္ဂလာမဏ္ဍပ်ကြီးက ပြီးစီးနေသလို နက်ဖြန် မင်္ဂလာပွဲအတွက် ချက်ပြုတ်ရေးအဖွဲ့ကလည်း ချက်ပြုတ်နေကြတယ်။

သူကြီးပွင့်၊ ဦးအုန်းမြင့်နဲ့ ကျေးရွာလူကြီးတစ်စုဟာ

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်ထောင်အိမ်ကြီးရဲ့အပေါ်ထပ်မှာ အာဘော်အာရင်းသန်စွာ စကားပြောဆိုနေကြတယ်။

ကာလသားတစ်သိုက်ကတော့ ချက်ပြုတ်ရေးမိန်းမပျိုတွေနဲ့ အဖွဲ့ကျရင်း ရယ်မောနေကြတယ်။

ခြံဝိုင်းထဲရှိ သရက်ပင်ကြီးအောက် ခုံတန်းလေးမှာတော့ ကိုချစ်မြိုင်ဟာ ပွင့်မော်ရဲ့ ပခုံးကို ဖက်ထားရင်း ...

"ကိုယ်တော့ ရင်တွေခုန်နေပြီ အချစ်ရယ်၊

မနက်ဖြန် ကိုယ်တို့မင်္ဂလာပွဲကြီးပြီးရင်

အချစ်က ကိုယ့်ရဲ့ အိမ်သူမယားလေး

ဖြစ်ပြီနော် ... ဟဲ ဟဲ"

ကိုချစ်မြိုင်ရဲ့အပြောကြောင့် သူမ ရှက်သွေးပိုသွားရင်း ...

"အာ ... အစ်ကိုကလည်း နားရှက်စရာတော်။

ဘာတွေပြောနေမှန်းမသိဘူး"

လို့ဆိုရင်း ကိုချစ်မြိုင်ရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ပြစမ်းပါဦး ရှက်တဲ့မျက်နှာလေး၊
အချစ်ကလေး အဲ့လို ရှက်သွေးပိုသွားရင်
မျက်နှာလေးက ပိုပြီး ချစ်ဖို့ကောင်းတယ် သိလား၊
မော့စမ်းပါကွယ် ... ချစ်စဖွယ်မျက်နှာလေးကို
မွှေးမွှေးပေးချင်လို့ပါကွယ်"

ကိုချစ်မြိုင်က သူမရဲ့မျက်နှာလေးကို ဆွဲမော့ရင်း မြတ်နိုးစွာ နမ်းရှိုက်လိုက်မိတယ်။

ရင်ခုန်နှုန်းမြန်နေရှာတဲ့ ပွင့်မော်က ချစ်သူရဲ့ခါးကို တင်းကျပ်စွာ ဖက်တွယ်ထားရင်း မျက်လုံးမဖွင့်ရဲအောင် ဖြစ်နေရှာတယ်။

ဒီအချိန်မှာပဲ အလွန်ဆိုးဝါးလှတဲ့ အပုပ်နံ့ကြီးက ၎င်းတို့နှာခေါင်းထဲ တိုးဝင်လာတယ်။

"ဟာ ... ဘယ်က အပုပ်နံ့ကြီးလဲကွာ။
ထွီ ... ရွံစရာကြီး"

အရှိန်ပျက်သွားတဲ့ ကိုချစ်မြိုင်က မကျေမနပ် ရေရွတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ အစ်ကို ...

အနံ့က သိပ်ဆိုးပါလား။

နေဦး ... ခွေးတွေ ဘာတွေများ

သေပြီး ပုပ်ပွနေတာလား မသိဘူး။

စံဖေ့ကို သွားခေါ်ပြီး ရှာခိုင်းမှ"

ထိုအချိန် အိမ်ပေါ်ရှိ လူအားလုံးရော ချက်ပြုတ်ရေးက လူတွေပါ ထိုအပုပ်နံ့ဆိုးကြီးကို ရှူရှိုက်လိုက်ကြရတယ်။

လူတွေအားလုံး ခြံထဲ စုဝေးရောက်လာပြီး ...

"အပုပ်နံ့ကြီးက သိပ်ဆိုးပါလားကွ၊

ရှာကြစမ်းပါဦးကွာ၊ ဘာကောင်တွေများ

ပုပ်အဲ့နေလဲ မသိဘူး"

စံဖေနဲ့ ရွာသားတွေက ခြံတွင်းအပြင် လှည့်ပတ်ပြီး ထိုအပုပ်နံ့ကို ရှာပုံတော်ဖွင့်ကြတယ်။

"ဒုက္ခပါပဲကွာ မနက်ဖြန်

မင်္ဂလာပွဲမှာ ဒီအပုပ်နံ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်တွေ ဘယ်လိုစားသောက်ကြမတုံးဟာ၊

ရှာကြ … ရှာကြ”

အပုပ်နံ့ကြီးက ပျောက်မသွားသလို အားလုံး ရှာဖွေပေမယ့်

တရားခံမတွေ့ရဘူး။

“ရှာတာလည်း နေရာနံ့နေပြီ သူကြီးရေ။

ခွေးသေ ကြွက်သေမပြောနဲ့

အိမ်မြှောင်သေ၊ ပိုးဟပ်သေတောင် မတွေ့ရဘူး။

ဘယ်လိုဆက်လုပ်ရမလဲ”

ရှာဖွေရေးအဖွဲ့ရဲ့စကားကြောင့် သူကြီးဦးပွင့်က …

“ကဲပါလေ … အချိန်တန်တော့လည်း

အနံ့က ပျောက်သွားမှာပါ၊

တစ်နေရာရာက လေသင့်လို့

နံနေတာပဲ ဖြစ်မှာပေါ့၊

ကဲ ကဲ … လုပ်စရာရှိတာ ဆက်လုပ်ကြတော့”

လို့ပြောလိုက်ပြီး သက်ပြင်းချလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ငါ့လုံမလေး
မင်္ဂလာယူမယ့်အချိန်၊ မင်္ဂလာအချိန်မတိုင်ခင်
အပုပ်နံ့ရတယ်ဆိုတာ မကောင်းတဲ့နိမိတ်များ
ဖြစ်နေမလား။ ဘုရားမ,လို့ ...
မင်္ဂလာပွဲကြီး ဘာမှမဖြစ်ပါစေနဲ့"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၈]

www.burmeseclassic.com

www.burmeseclassic.com

ထိုညတစ်ညလုံး အော်ဂလီဆန်ဖွယ် အပုပ်နံ့ကြီး ရဲ့ဒဏ်ကို လူအားလုံး ခံလိုက်ရတယ်။

အနံ့သက်သာဖို့ ချစ်မြိုင်က ပွင့်မော်ကို ရှူဆေးရှူခိုင်းနေ ရင်းက ...

“အစ်ကို ... ပွင့်မော် တအားအိပ်ချင်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလည်း စောစောအိပ်တော့နော်၊
မနက်အစောကြီး ထရမှာမဟုတ်လား၊
ဝါး ... ဘာလို့ ဒီလောက်အိပ်ချင်နေလဲ
မသိဘူးရှင်"

ညည်းညူလိုက်တဲ့ ပွင့်မော်ရဲ့အပြောကြောင့် ...

"ဟုတ်သားပဲ ... မနက်ဖြန် သတို့သမီး
မျက်ကွင်းညိုနေရင် ကြည့်မကောင်းဘဲ
ဖြစ်နေဦးမယ်၊
အချစ် အိပ်လိုက်တော့နော်၊
ကိုယ်လည်း ခဏနေ အိပ်ရာဝင်မယ်"

ချစ်မြိုင်က ထိုသို့ဆိုပြီး သူမကို အိပ်ခန်းထဲ လိုက်ပို့လိုက်တယ်။

ပွင့်မော်တစ်ယောက် မျက်လုံးမဖွင့်နိုင်လောက်အောင် အိပ်ချင်နေတာမို့ ခေါင်းဦးပေါ် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်မြိုင်က ချက်ချင်းဆိုသလို အိပ်ပျော်သွားတဲ့ ချစ်သူလေးရဲ့မျက်နှာကို မြတ်နိုးစုံမက်စွာ ငေးကြည့်ရင်း အညာစောင်ပါး လွှမ်းခြုံပေးလိုက်တယ်။

ပြီးတော့ ... သူမရဲ့နဖူးပြင်ကို နမ်းရှိုက်ပြီး အခန်းပြင် ပြန်ထွက်ခဲ့တယ်။

... ပွင့်မော်ရေ ... ပွင့်မော်ရေ ... ပွင့်မော် ...

နားထဲ အသံကြားနေရပေမယ့် သူမ မျက်လုံးမဖွင့်နိုင်ဘူး။

ဒါကြောင့် ... အင်းခနဲ ရေရွတ်လိုက်မိတယ်။

"ငါ နင့်အပေါ် ဘယ်လောက်စွဲလမ်းသလဲ

နင် မသိဘူးလားဟင်။

ငါ နင့်ကို မစွန့်လွှတ်နိုင်ဘူး ပွင့်မော်။

နင်ဟာ ငါ့အတွက်ပဲ ဖြစ်ပေးပါနော်ဟာ။

နင်နဲ့ငါလေ ဟိုးအဝေးကြီးကို သွားကြမယ်။

သိပ်ချစ်တယ် ပွင့်မော်ရယ်။

ဘယ်လိုမှ မခွဲနိုင်ဘူး ချစ်ခွင့်ပေးပါနော်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ပါရစေ အချစ်ရယ်"

အသံကို အတိုင်းသားကြားနေရပေမယ့် သူမ လေဟာနယ်ထဲရောက်သလို ခံစားနေရတယ်။

ခန္ဓာကိုယ်ချင်း ထိလိုက်မိလို့ နွေးထွေးတဲ့ခံစားမှု။

ပြင်းပျပျ နမ်းရှိုက်မှုတွေ။ သူမကို ကလူကျီစယ်နေတဲ့ လက်အစုံ။

တစ်စုံတစ်ရာရဲ့ ညှို့ငင်ဖမ်းစားမှုအောက် သူမ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘူး။

အေးစက်နေတဲ့ သူမရဲ့လက်အစုံက အိပ်ရာခင်းကို ဆုပ်ကိုင်ထားပေမယ့် မျက်လုံးတွေက ဖွင့်လို့မရအောင် လေးလံလွန်းနေတယ်။

အူး ... အူး ... အူး ... အူး ...

ကျယ်လောင်စွာထွက်ပေါ်လာတဲ့ ခွေးအူသံနဲ့အတူ ဆရာတော့်ကျောင်းဆီမှ ကြေးစည်ထုသံကြောင့် သူမ ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဟိုးအမြင့်ကြီးကနေ ဝုန်းခနဲ ပြုတ်ကျသလို ခံစားလိုက်ရပြီး မျက်လုံးပွင့်လာတယ်။

ရင်တစ်ခုလုံး မောဟိုက်နေပြီး အာခေါင်တွေ ခြောက်သွေ့နေသလို ခံစားရတယ်။

ဒါကြောင့် အိပ်ရာက ဆတ်ခနဲထရင်း ရေသောက်ဖို့ ပြင်လိုက်မိတယ်။

"ဟင် ... ငါ့အဝတ်အစားတွေ

တွန့်ကြေနေပါလား။

ဘယ်လိုဖြစ်တာပါလိမ့်"

ပွင့်မော်ဟာ ရေတစ်ခွက်ငှဲ့သောက်ရင်းက အိပ်မက်လို တကယ်လိုအဖြစ်ကို ပြန်တွေးမိလိုက်တယ်။

"ဘုရားရေ ... အိပ်မက်လား၊ တကယ်များလား။

အိပ်မက်ထဲက ယောက်ျားက ဘယ်သူလဲ၊

အစ်ကိုချစ်မြိုင်လား၊

ငါ့အခန်းထဲ ဝင်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



အို မဟုတ်သေးပါဘူး။

အစ်ကိုက ဒီလိုလူစားမဟုတ်ဘူး၊

အပြင်မှာလည်း လူကြီးတွေ ရှိနေတာပဲ။

သူ မဟုတ်ရင် ဘယ်သူလဲ၊

ငါ ကြုံတွေ့ခဲ့တာ အိပ်မက်လား။

ဒါပေမဲ့ ... ငါ့တစ်ကိုယ်လုံး

ဘာကြောင့် နာကျင် နုံးချိနေရတာလဲ၊

ဘာတွေဖြစ်ကုန်ပြီလဲ ... တွေးမရတော့ဘူးဟာ"

ပွင့်မော်ဟာ ခုတင်ပေါ် ငုပ်တုပ်ထိုင်ရင်း ရင်ထဲ ဗလောင်ဆူသွားတယ်။

ပြတင်းပေါက်က ငေးကြည့်မိတော့ အရုဏ်တက်ချိန်ရောက်နေတာ သတိပြုမိလိုက်တယ်။

"ဟား ... ဟား ... ဟား ... ဟား"

အက်ကွဲကွဲအသံကြီးကြောင့် သူမ ဆတ်ခနဲ တုန်သွားတယ်။

ဝတ်ဗီရိုရဲ့ ကြည့်မှန်မှာ ပေါ်နေတဲ့ မျက်နှာကြီးတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



သူမ လန့်ဖျပ်ပြီး ခေါင်းရင်းဘက်ဆီ တိုးကပ်လိုက်မိတယ်။

"အိပ်မက်မဟုတ်ဘူး ပွင့်မော်၊
နင့်ကို ငါ အရယူလိုက်တာ၊
နင်ဟာ ငါ့မယားဖြစ်သွားပြီ၊
ဘယ်သူနဲ့မှ ယူလို့မရတော့ဘူး၊
ဟား ... ဟား ... ဟား"

ဟားတိုက်ရယ်မောနေတဲ့ အတော့ရဲ့မျက်နှာကြီး။

သူမ မှင်တက်ကြည့်မိစဉ်မှာပဲ မှန်ထဲကနေ တဖြည်းဖြည်းဖောက်ထွက်လာတယ်။

"နင် ... နင် ... အို ... မဟုတ်ဘူး၊
နင်က မကောင်းဆိုးဝါးပဲ။
နင်သေပြီ အတာ ... နင်မရှိတော့ဘူး"

အတာက သူ့ကို စူးစိုက်ကြည့်ရင်း အနိုင်ရသူ့အပြုံးစိမ်းနှယ် ပြုံးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမရှိရာ တရွေ့ရွေ့လှမ်းလာရင်း ...

"ဟုတ်တယ် ... ငါဟာ မကောင်းဆိုဝါးပဲ။

နင်နဲ့ငါ ညားပြီးပြီလေ၊

ဒီတော့ ... နင်ဟာ မကြာခင်

မကောင်းဆိုးဝါးလေးတစ်ကောင်ကို

ဟောဒီ နင့်ဗိုက်ကြီးထဲက မွေးရလိမ့်မယ်။

ဟီး ... ဟီး ... ဟီး"

လို့ သူမရဲ့ဗိုက်ကို လက်ညှိုးထိုးပြလာတယ်။

သူမ ဆောက်တည်ရာမဲ့လောက်အောင် ချောက်ချားသွားပြီး။

မခံမရပ်နိုင်မှု၊ ကြောက်ရွံ့မှု၊ ဒေါသတရားတွေ ရောပြွန်းပြီး သွက်သွက်ခါအောင် ခေါင်းရမ်းပစ်လိုက်တယ်။

"မဟုတ်ဘူး ဒီလိုမဖြစ်စေရဘူး။

နင့်ဟာ သရဲဖြစ်နေပြီ အတာ။

နင်နဲ့ငါ ဘာမှမပတ်သက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မနှောင့်ယှက်နဲ့။

နင်ပြောတာတွေ ငါမယုံဘူး၊

မကြားချင်ဘူး။ သွား ... ထွက်သွား"

သူမ ရှိက်ကြီးတငင် ငိုကြွေးရင်း အာခေါင်ခြစ်ပြီး အော်ဟစ် ပစ်လိုက်တယ်။

ထိုအချိန်မှာပဲ ...

"ပွင့်မော် ... ပွင့်မော် ဘာဖြစ်လဲ၊

နင် ဘာဖြစ်တာလဲ"

မတုတ်က တအံ့တသြရေရွတ်ရင်း သူမကို ထွေးပွေ့ထား လိုက်တယ်။

သူမ ရှိက်ကြီးတငင်ငိုကြွေးလျက် မတုတ်ကို ဖက်တွယ် ထားမိတယ်။

သူမအဖြစ်က သူများ ပြန်ပြောပြဖို့တောင် မသင့်တော် ဖြစ်ရပ်။

"သြော် ... အိပ်မက်ဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



မက်လို့လား ပွင့်မော်ရယ်။

မငိုနဲ့တော့ ရေမိုးချိုး အလှပြင်ဆင်ရမယ်လေ။

မတုတ်က နင့်ကို နှိုးဖို့ဝင်လာတာ၊

တိတ်တော့နော်”

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၁၉]

www.burmeseclassic.com

www.burmeseclassic.com

**သိမ်းတစ်ရွာလုံး** ဓာတ်စက်သံကြီးညံနေသလို ဒီနေ့က တစ်ရွာလုံး မီးခိုးတိတ်။

ကလေးသူငယ်အချို့ဟာ ဓာတ်စက်ကြီးက ထွက်ပေါ်နေတဲ့ သီချင်းသံနဲ့အတူ ခုန်ပေါက်ဆော့ကစားနေကြသလို ရွာသူရွာသားတွေဟာလည်း ဖြီးလိမ်းပြင်ဆင်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်တွင် သူကြီးသမီးပွင့်မော်နဲ့ အရာရှိလေးကိုချစ်မြိုင်တို့ရဲ့ မင်္ဂလာအချိန် ကျရောက်တော့မည် မဟုတ်ပါလား။

သူကြီးဦးပွင့်ရဲ့ ခြံဝိုင်းထဲမှာတော့ လုပခန့်ညားတဲ့ မဏ္ဍပ်ကြီး ဟီးနေသလို ပျဉ်ထောင်အိမ်ကြီးအတွင်းမှာလည်း ကတ္တီပါကော်ဇောတွေ အပြည့်ခင်းကျင်းထားတယ်။

သတို့သားချစ်မြိုင်ဟာ အိမ်ကြီးရဲ့အောက်ထပ်အခန်းထဲ အဝတ်အစားလဲလှယ် ဝတ်ဆင်နေသလို အပေါ်ထပ် အိမ်ခန်းထဲမှာတော့ ရွှေပာစ်ဆုပ်အနီရောင်လေးနဲ့ သတို့သမီးလေး။

သတို့သမီးပွင့်မော်ဟာ မှန်တင်ခုံကြီးရှေ့ ငြိမ်သက်စွာထိုင်ရင်း မိန်းမလျှာတစ်ဦးက သူမကို မျက်နှာခြယ်သပေးနေတယ်။

အလှကြီးလှနေတဲ့ အနီရောင်သတို့သမီးလေးဟာ ကြည့်မှန်ကို စိုက်ကြည့်ရင်း မလှုပ်မယှက် ငြိမ်သက်နေရှာတယ်။

သူမရဲ့စိတ်တွေကတော့ လက်ရှိကာလနဲ့ ကင်းမဲ့စွာ တစ်နေ့တစ်ရာကို တွေးတောနေတယ်။

"ငါဟာ တကယ်ပဲ သရဲအတာရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခမ္မပြုကျင့်တာ ခံခဲ့ရတာလား၊

သူပြောသလို ငါမွေးတဲ့ကလေးဟာ

မကောင်းဆိုးဝါး ဖြစ်နေမလား၊

မကြာခင် အစ်ကိုနဲ့ငါ လူကြီးစုံရာ

အပေါင်းအသင်းတွေရှေ့မှာ

မင်္ဂလာပွဲကြီး ကျင်းပရတော့မယ်၊

ငါ့ကို သိပ်မြတ်နိုးတဲ့ အစ်ကို့အတွက်

မသန့်ရှင်းတဲ့ ငါ့ခန္ဓာကိုယ်ကြီးကို

ပေးအပ်သင့်သလား၊

ငါဟာ မကောင်းဆိုးဝါးကောင်ရဲ့

ခြေတော်တင်ခြင်းခံထားရတဲ့ ...

မိန်းမတစ်ယောက် ဖြစ်နေပြီ၊

ငါ ဘာလုပ်သင့်သလဲ ...

ငါ ဘာလုပ် ရမလဲ၊

ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထွက်ပေါ်လာတဲ့ ရယ်သံကြောင့် သူမ မျက်တောင် ဖျတ်ခနဲ ခတ်သွားမိတယ်။

ကြည့်မှန်ထဲ ရယ်ပြုံးကြည့်နေတဲ့ သူမ မျက်နှာတစ်ခု။

"နင်ဟာ တစ္ဆေသရဲအတာရဲ့မယား
ဖြစ်နေပြီလေ၊ အခု မင်္ဂလာပွဲကျင်းပဖို့
နင့်လိပ်ပြာ သန့်ရဲ့လား။
နင်မွေးတဲ့ကလေးဟာလည်း
သရဲလေးပဲ ဖြစ်လာမှာနော်၊
ဟင်း ဟင်း ... အဲဒီအခါကျမှ
နင်သိပ်ချစ်ပါတယ်ဆိုတဲ့
နင့်လင်ချစ်မြိုင်က နင့်ကိုသိပ်မုန်းပြီး
စွန့်ပစ်သွားမှာ၊ ပတ်ဝန်းကျင်မှာလည်း
နင် သောက်ရှက်ကွဲမယ် မိပွင့်မော်ရဲ့၊
နင် ဘာလုပ်သင့်သလဲဆိုတာ
နင် မသိသေးဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

အံ့အားသင့်စွာ ငေးစိုက်ကြည့်နေတုန်းမှာပဲ ရယ်မောနေတဲ့

သူ့မျက်နှာကြီး ပျောက်ကွယ်သွားတယ်။

ကြည့်မှန်တစ်ချပ်လုံး ရေငွေ့ရိုက်သလို မှုန်ဝါးသွားပြီး ...

"ဟား ဟား ဟား ဟား ...

ကြည့်စမ်းပါဦး ... ပွင့်မော်ရ၊

တောတို့ ဘယ်လောက်တော်လိုက်သလဲ။

လူ့ဘဝမှာ မလုပ်နိုင်ခဲ့တာတွေ

သရဲဘဝနဲ့ အားလုံးဖန်တီးနိုင်တယ်။

နင့်ရဲ့ခန္ဓာကိုယ်လည်း ငါ ရပြီးပြီလေ၊

နင် ငါ့ကို ချစ်ချစ်, မချစ်ချစ်

နင်ဟာ သရဲကြီးအတာရဲ့မယား

ဖြစ်သွားပြီဟ၊ နင် ဘာလုပ်မလဲ၊

ရှေ့ဆက်မှာလား၊ ရပ်ပစ်မှာလား၊

ရှေ့ဆက်ဖို့ ကြိုးစားရင်တော့ ... ဟား ဟား၊

www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးအတာရဲ့အကြောင်း နင်သိပါတယ်။

မရှရတဲ့နည်းနဲ့ နင်တို့ပွဲကို

ဖျက်ဆီးပစ်မယ်။

စမ်းကြည့်လိုက်စမ်းပါ ... ငါ့မယား ပွင့်မော်ရယ်။

စမ်းကြည့်လိုက်စမ်းပါ... ဟား ဟား ဟား"

စက်ဆုပ်ရွံရှာဖွယ်မျက်နှာကြီးနဲ့ အက်ကွဲကွဲအသံဆိုးကြီးကြောင့် သူမ မျက်လုံးများ ပြာဝေမတတ် တုန်လှုပ်သွားတယ်။

စိတ်ခံစားမှုတွေကြောင့် သူမ ခေါင်းထဲမူးနောက်ပြီး ကိုယ့်နှလုံးခုန်သံ ကိုယ်ကြားနေရပြီ။

သူမ နားနှစ်ဖက်ကို လက်နဲ့အုပ်ရင်း ...

"မဟုတ်ဘူး ... တော်ပါတော့ ...

မကြားချင်ဘူး။ ငါ ဘာမှမကြားချင်ဘူး"

လို့ အော်ဟစ်ပြီး ဝုန်းခနဲ ထရပ်လိုက်တယ်။

အမှတ်မထင် သတို့သမီးရဲ့အဖြစ်ကြောင့် ဆံထုံးပြင်ပေးနေတဲ့ မိန်းမလျှာဟာ လန့်ဖျပ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ ဟဲ့ ... သောက်ပလုတ်တုတ်၊

ဟင် ... သတို့သမီး ... ဘယ်လဲ၊

မသွားနဲ့လေ”

ပွင့်မော်ဟာ မိန်းမလျာကို ဝင်တိုက်ပြီး အခန်းထဲက ပြေးထွက်သွားတော့တယ်။

အိမ်ကြီးပေါ်ရှိ လူတွေက သတို့သမီးရဲ့အမူအရာကြောင့် အံ့အားသင့်ကုန်ကြတယ်။

“ဟဲ့ ... လုံမလေး၊ ဘယ်သွားမလို့လဲ။

မင်္ဂလာချိန် ရောက်တော့မယ်လေ ...

မပြေးနဲ့လေ”

သူကြီးဦးပွင့်က ထိုသို့ လှမ်းတားဆီးလိုက်ပေမယ့် ပွင့်မော်ဟာ လေှကားအတိုင်း ပြေးဆင်းသွားတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၂၀]

www.burmeseclassic.com

www.burmeseclassic.com

“လိုက်ကြပါဦးဟာ ... သတို့သမီး

ထွက်ပြေးသွားပြီ၊

လိုက်ကြ ... လိုက်ကြဟာ”

သူကြီးဦးပွင့်၊ ဦးအုန်းမြင့်နဲ့ သတို့သားအပါအဝင် မဏ္ဍပ်

တွင်းရှိလူတွေဟာ သတို့သမီးနောက် ပြေးလွှားလိုက်ကြကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်မော်ရေ မပြေးနဲ့လေ၊

အစ်ကိုချစ်မြိုင်ဆီ ပြန်လာခဲ့ ...

ပွင့်မော်"

သတို့သားချစ်မြိုင်ဟာ ထိုသို့ တစာစာအော်ခေါ်ရင်း တောင်ရှည်ပုဆိုးမရင်းက ပြေးလိုက်သွားတယ်။

ဘိသိက်မြှောက်မယ့် ဆရာကြီးဟာ သတို့သမီးနောက် ပြေးလွှားလိုက်ရင်းက ကိုယ့်ပုဆိုးစကိုယ်နင်းမိပြီး ဂမ်းလျားထိုးလဲကျသွားရှာတယ်။

"အ ... မယ်လေး သေပါပြီဗျ၊

ငါ့ကို တက်နင်းသွားကြတယ်၊

ဘိသိက်မြှောက်စားတာ အိုတော့မယ်၊

ဒီပွဲလောက် ရုပ်ပျက်ဆင်းပျက်နိုင်တာ မရှိဘူးဟေ့"

လူအုပ်ကြီးဟာ လဲကျနေတဲ့ ဘိသိက်ဆရာကြီးကို ကျော်ခွနင်းရင်း ဆက်ပြေးကြကုန်တယ်။

"လုံမလေးရေ ... ရုပ်လိုက် လုံမလေးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဘကို မသနားဘူးလား လုံမရဲ့"

"မပြေးနဲ့ ချွေးမလေးရေ၊

ယောက္ခထီးကြီး မောလှပါပြီ၊

ရပ်ပါတော့ဟာ"

သတို့သမီးပွင့်မော်ဟာ ရှိက်ကြီးတငင် ငိုကြွေးရင်း ဆက်ပြေးနေဆဲ။

"ဟား ဟား ဟား ... သရဲကြီးအဘရဲ့

မယားလေးပွင့်မော် နင့်ကို ငါပိုင်တယ်၊

ငါပိုင်တယ် ... ဟား ဟား ဟား"

သူမနားထဲ ပဲ့တင်ထပ်နေတဲ့ ချောက်ချားဖွယ်အသံကြီး။

"ပွင့်မော်ရေ ... မပြေးပါနဲ့တော့၊

အစ်ကို့မှာ ဘာအပြစ်ရှိလို့လဲ၊

ကိုယ် ဘာအမှားလုပ်မိလို့လဲ၊

ရပ်လိုက်ပါ ပွင့်မော်၊

ရပ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သတို့သားချစ်မြိုင်ရဲ့အသံကြောင့် သတို့သမီးဟာ ခြေလှမ်းတန့်ပြီး နောက်လှည့်ကြည့်တယ်။

ဝေဝါးနေတဲ့ သူမရဲ့အမြင်အာရုံထဲမှာတော့ သရဲကြီးအတာဦးဆောင်နေတဲ့ မကောင်းဆိုးဝါးတစ်သိုက်ဟာ ကြောက်မက်ဖွယ်အသံကြီးတွေနဲ့ သူမနောက် ပြေးလိုက်လာနေတယ်။

"မလာနဲ့ ... နင်တို့ မကောင်းဆိုးဝါးတွေ။

ငါ့ဘဝကိုဖျက်ဆီးတဲ့ မကောင်းဆိုးဝါးတွေ၊

ငါ ကြောက်တယ် ... ကြောက်တယ်၊

မလာကြနဲ့"

"မဟုတ်ဘူးလေ ပွင့်မော်ရေ။

အစ်ကိုချစ်မြိုင်တို့ပါ ပွင့်မော်ရဲ့၊

ရပ်လိုက်ပါ ပွင့်မော်၊

ဟာ ... သတိထားပွင့်မော်၊

အဲ့မှာ ... အဲ့မှာ"

သတို့သားချစ်မြိုင်ရဲ့ စိုးရိမ်တကြီးအသံနဲ့အတူ ပွင့်မော်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်ရှိ ချောင်းကူးတံတားပေါ် ရောက်ရှိသွားပြီ။

ထိုသစ်သားတံတားက ဆွေးမြေ့နေတဲ့အတွက် ဘယ်သူမှ မဖြတ်ဝံ့ကြဘူး။

ဒီအချိန်မှာပဲ သတို့သမီးပွင့်မော်ဟာ တံတားအိုကြီးပေါ် အရှိန်နဲ့ ဖြတ်ပြေးလိုက်တယ်။

ဝုန်း ... ခနဲအသံနဲ့အတူ တံတားကြီး ကျိုးကျသွားပြီး...

"အောင်မလေး ... သေပါပြီဟာ၊

ငါ့လုံမ ရေထဲကျသွားပြီ။

လုံမရေ ..., သမီးလေး"

ရွှေတစ်ဆုပ်အနီရောင်နဲ့သတို့သမီးလေးဟာ ချောင်းရေထဲ ဗွမ်းခနဲ ကျသွားတော့တယ်။

သတို့သားချစ်မြိုင်ဟာ မမျှော်လင့်တဲ့အဖြစ်ကြောင့် မှင်တက်နေရာက သတိဝင်လာပြီး ...

"ငါ့သတို့သမီးလေး ရေထဲကျသွားပြီ၊

ပွင့်မော်ရေ ... အစ်ကို လာကယ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ကြွေးကြော်သံနဲ့အတူ ချောင်းထဲ ကမူးရှူးထိုး ပြေးဆင်းလိုက်တယ်။

ရွာသားတချို့လည်း ရေထဲဝိုင်းဆင်းရင်း သတို့သမီးကို ဆယ်ယူကြကုန်တယ်။

လူအားလုံး စိုးရိမ်တကြီး ချောင်းစပ်ကနေ ဝိုင်းအုံကြည့်ရှု နေကြတယ်။

"ဘုရား ... ဘုရား ...

လုံမလေး ဘာမှမဖြစ်ပါစေနဲ့။

ငါထင်တဲ့အတိုင်းပါလား၊

မနေ့ညက အပုပ်နံ့ကြီးရခဲ့တာ၊

ဒါဟာ ... မင်္ဂလာပွဲအတွက် နိမိတ်ဆိုးကြီးပဲ။

ဆယ်ကြပါ လုံမလေးကို ...

ရအောင်ဆယ်ပေးကြပါ"

သူကြီးဦးပွင့်ဟာ ငိုသံကြီးနဲ့ အော်ဟစ်လိုက်ရှာတယ်။

ဒီအချိန်မှာပဲ သတို့သားချစ်မြိုင်နဲ့ ရွာသားတွေဟာ ပွင့်မော်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆယ်ယူရင်း ချောင်းစပ်ဆီ ကူးခပ်လာကြတယ်။

လူအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း ချောင်းစပ်က တက်လာသူတွေကို ဝိုင်းကူလိုက်ကြတယ်။

ဒါပေမဲ့ ... ရွှေတာစ်ဆုပ်အနီရောင်နဲ့ သတို့သမီးလေးရဲ့နှလုံး ခုန်သံကိုတော့ ဘယ်သူမှ မကြားနိုင်ရှာတော့ဘူး။

●

www.burmeseclassic.com

www.burmeseclassic.com

**ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး လပေါင်းများစွာ ကြာမြင့်တဲ့အခါ ...**

ဆီမီးရွာလေးရဲ့ ရွာဦးစေတီရင်ပြင်ပေါ်မှာ ရဟန်းတစ်ပါးဟာ တရားရှုမှတ်နေသလို စေတီနဲ့ မနီးမဝေးနေရာရှိ ညောင်ပင်ကြီးအောက်မှာတော့ အရူးတစ်ယောက်ဟာ ငြိမ်သက်စွာ ငေးငိုင်နေရှာတယ်။

ဒီအချိန်မှာပဲ အနီရောင်ဝမ်းဆက် ဆင်မြန်းထားတဲ့ မိန်းမပျိုတစ်ဦးဟာ ထိုညောင်ပင်ကြီးအနီးက ဖြတ်လျှောက်ရင်း စေတီပြင်တော်ပေါ်တက်ဖို့ ပြင်လိုက်တယ်။

ငြိမ်သက်စွာထိုင်နေတဲ့အရူးဟာ မိန်းမပျိုကို မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



မခတ်တမ်း ကြည့်နေရာက ထခုန်လိုက်တယ်။

"ငါ့သတို့သမီးလေး ... သတို့သမီးလေး

ပြန်လာပြီ၊ မပြေးနဲ့လေ၊

အရှေ့မှာ တံတားအိုကြီးရှိတယ်၊

ပြန်လာခဲ့ပါ ငါ့ဆီ ပြန်လာခဲ့ပါ၊

သတို့သမီးလေးရေ"

တရားဖြုတ်ရာက မတ်တတ်ရပ်လိုက်တဲ့ ရဟန်းတော်ဟာ ဆိုအရှုးရဲ့အဖြစ်ကို မြင်တွေ့ရင်း စိတ်မသက်မသာဟန်နဲ့ ခေါင်းခါရမ်းလိုက်တယ်။

"ဩော် ... ဒကာချစ်မြိုင်ရဲ့အပူတွေ

မငြိမ်းရှာသေးပဲကို၊ ဦးပဥ္စင်းကတော့

တရားမမှုရိပ် ခိုလှုံမိလို့

လုံမလေးပွင့်မော်ရဲ့ရင်နင့်ဖွယ်အဖြစ်ဆိုးကို

ဖြေသိမ့်လို့ရနေပါပြီကွယ်၊

အိမ်း ... အနိစ္စ ဒုက္ခ အနတ္တ"

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကြီးဟာ ထိုသို့ရေရွတ်ရင်း မျက်လွှာချ တရားအမှတ်နဲ့ ကြွချီသွားတော့တယ်။

ထိုသူနှစ်ဦးရဲ့ အဖြစ်အပျက်လိုပါပဲ ...

ဆီမီးရွာလေးရဲ့ ချောက်ချားဖွယ်ဖြစ်ရပ်က လပြည့်လကွယ်ညတွေမှာ ရွာထိပ်ချောင်းကြီးဆီမှ ယောကျ်ားတစ်ယောက် ရယ်မောသံကြီးကြားရသလို၊ ရှိုက်ကြီးတငင် ငိုကြွေးလိုက်တဲ့ မိန်းမတစ်ယောက်ရဲ့ငိုကြွေးသံကိုလည်း ယနေ့ထိ ကြားနေရဆဲ။

□□□

BURMESE CLASSIC

"သရဲကြီး ဘဝ"

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com